၃၄။ သစ်နှင့်အခြား သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ်ထုတ်ယူ သုံးစွဲနိုင်ရန်၊ ကျေးလက် နေပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန် အတွက် သစ်တောကဏ္ဍ၏ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း တွင် အသားတင်ထုတ်လုပ်မှု တန်ဖိုးရည်မှန်းချက်မှာ ပုံမှန်ဈေးနှုန်းအရ ကျပ် ၁၄၉၃၂၃.၈ သန်း ရရှိရန် ဖြစ်ပြီး သစ်တောထွက် ပစ္စည်းများဖြစ်သည့် ကျွန်း ၂၀၀၀၀၀ ကုဗတန်၊ သစ်မာ ၂၀၇၃၉၄၆ ကုဗတန်၊ ထင်း ၂၃၀၇၁ ကုဗတန်(ထောင်ပေါင်း)၊ မီးသွေး ၂၅၃ ကုဗတန် (ထောင်ပေါင်း)၊ ဝါး ၁၃၀၀၇၀၂ လုံး(ထောင်ပေါင်း)၊ ကြိမ် ၄၁၇၃၁လုံး (ထောင်ပေါင်း)နှင့် ဓနိသက်ငယ် ၁၀၃၇၅၅၈ ပျစ်(ထောင်ပေါင်း) ထုတ်လုပ်ရန် ရည်မှန်း ထားပါသည်။

၃၅။ သစ်တောကဏ္ဍနှင့်ပတ်သက်၍ ရည်မှန်းချက်များကို တစ်ဖက်ပါ ဇယားများဖြင့် ဖော်ပြ အပ်ပါသည်-

## ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## အဓိကသစ်တောထွက်ပစ္စည်းများထုတ်လုပ်ရန်ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|---|
| | | | အရေအတွက် | ပြောင်းလဲမှုနှုန်း(%) | အရေအတွက် | ပြောင်းလဲမှုနှုန်း(%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကျွန်း | ကုဗတန် | ၂၃၂၉၈၆ | ၀.၀ | ၂၀၀၀၀၀ | -၁၄.၂ |
| ၂ | သစ်မာ | ။ | ၂၂၆၃၂၅၈ | ၀.၆ | ၂၀၇၃၉၄၆ | -၈.၄ |
| ၃ | ကျွန်းနှင့်သစ်မာတိုင် | လုံးရေ | ၈၅၃၀၀ | ၀.၇ | ၈၆၀၄၅ | ၀.၉ |
| ၄ | ကျွန်းနှင့်သစ်မာမျော | ။ | ၁၃၀၀၉၅ | ၀.၇ | ၁၃၁၂၄၀ | ၀.၉ |
| ၅ | ထင်း | ကုဗတန် | ၂၂၇၇၉၄၃၆ | ၁.၂ | ၂၃၀၇၀၇၈၁ | ၁.၃ |
| ၆ | မီးသွေး | ။ | ၂၅၁၄၀၀ | ၀.၆ | ၂၅၃၄၉၅ | ၀.၈ |
| ၇ | ဝါး | လုံး(ထောင်) | ၁၂၈၄၃၇၀ | ၁.၂ | ၁၃၀၀၇၀၂ | ၁.၃ |
| ၈ | ကြိမ် | ။ | ၄၁၈၀၅ | ၁.၂ | ၄၁၇၃၁ | -၀.၂ |
| ၉ | ရှားစေး | ပိဿာ | ၃၈၅၄၀၀ | ၀.၆ | ၃၈၈၅၀၀ | ၀.၈ |
| ၁၀ | သစ်ခေါက် | ။ | ၁၄၀၈၀၀၀ | ၀.၆ | ၁၄၁၉၅၀၀ | ၀.၈ |
| ၁၁ | သျှော် | ။ | ၃၇၇၇၂၇ | ၁.၁ | ၃၈၂၁၅၈ | ၁.၂ |
| ၁၂ | ကရမက် | ။ | ၅၀၃၀ | ၀.၆ | ၅၁၀၀ | ၁.၄ |
| ၁၃ | အင်တွဲ-ပွဲလျက် | ။ | ၂၇၆၅၂၀ | ၀.၆ | ၂၇၉၆၅၀ | ၁.၁ |
| ၁၄ | သနပ်ခါး | ။ | ၂၈၅၆၃၅ | -၀.၆ | ၂၈၈၁၀၀ | ၀.၉ |
| ၁၅ | ဖာလာစေ့ | ။ | ၁၀၀၆၀၀၀ | ၀.၆ | ၁၀၁၄၀၀၀ | ၀.၈ |
| ၁၆ | ကညင်ဆီ | ပိဿာ | ၆၅၀ | ၀.၀ | ၆၆၀ | ၁.၅ |
| ၁၇ | ဓနိ-သက်ငယ် | ပျစ်(ထောင်) | ၁၀၂၉၆၈၆ | ၁.၃ | ၁၀၃၇၅၅၈ | ၀.၈ |

## ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## အဓိကသစ်တောထွက်ပစ္စည်းများထုတ်လုပ်ရန်ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|---|
| | | | အရေအတွက် | ပြောင်းလဲမှုနှုန်း(%) | အရေအတွက် | ပြောင်းလဲမှုနှုန်း(%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁၈ | တည် | ပိဿာ | ၁၂၆၀ | ၀.၈ | ၁၂၇၀ | ၀.၈ |
| ၁၉ | ပျားရည် | ” | ၅၀၆၀၄ | ၉.၆ | ၄၈၈၀၈ | -၃.၆ |
| ၂၀ | ပျားဖယောင်း | ” | ၁၁၂၀ | ၀.၀ | ၁၁၂၈ | ၀.၇ |
| ၂၁ | လင်းနို့ချေး | ” | ၄၀၄၃၃၃ | -၃.၇ | ၃၉၁၃၀၈ | -၃.၂ |
| ၂၂ | သစ်ခွ | ပင်ရေ | ၂၀၀၀၀ | ၀.၀ | ၅၀၀၀ | -၇၅.၀ |
| ၂၃ | သစ်စေး | ပိဿာ | ၃၂၅၂၄ | ၀.၇ | ၃၂၄၈၅ | -၀.၁ |
| ၂၄ | ဘုမ္မရာဇာ | ” | ၃၃၂၉၂ | ၀.၈ | ၃၃၆၀၄ | ၀.၉ |
| ၂၅ | ငှက်သိုက် | ” | ၁၁၅၀ | ၀.၉ | ၁၁၅၆ | ၀.၅ |
| ၂၆ | ချိပ် | ” | ၉၉၆၀၄ | -၀.၄ | ၁၀၀၄၄၀ | ၀.၈ |
| ၂၇ | ကိုင်းဖျားကိုင်းနား | ကုဗတန် | ၂၃၂၉၄ | ၀.၀ | ၂၀၀၀၀ | -၁၄.၁ |
| ၂၈ | သင်ပေါင်းသား | လုံး(ထောင်) | ၉၁ | ၁.၁ | ၉၂ | ၁.၁ |

ဇာစ်မြစ်။ ။၁။ မြန်မာ့သစ်လုပ်ငန်း၊သစ်တောဦးစီးဌာန၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တော
ရေးရာဝန်ကြီးဌာန

၂။ သမဝါယမဦးစီးဌာန ၊ သမဝါယမဝန်ကြီးဌာန

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## သစ်တောကြိုးဝိုင်းဧရိယာတိုးချဲ့ရန်ရည်မှန်းချက်

(စတုရန်းမိုင်)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | မြန်မာနိုင်ငံရှိသစ်တောဖုံးဧရိယာ | ၁၂၂၆၇၄ | ၁၂၂၆၇၄ |
| ၂ | နှစ်စတွင်ရှိသည့်သစ်တောကြိုးဝိုင်းဧရိယာ | ၆၅၇၄၉ | ၆၆၉၇၇ |
| ၃ | နှစ်အတွင်းတိုးချဲ့မည့်သစ်တောကြိုးဝိုင်းဧရိယာ* | ၃၀၀၀ | ၃၀၀၀ |
| ၄ | နှစ်ဆုံးတွင်ရှိမည့်သစ်တောကြိုးဝိုင်းဧရိယာ | ၆၈၇၄၉ | ၆၉၉၇၇ |
| ၅ | စုစုပေါင်းသစ်တောဧရိယာအပေါ် သစ်တောကြိုးဝိုင်းဧရိယာရာခိုင်နှုန်း | ၅၆.၀ | ၅၇.၀ |

* ကြိုးပြင်ကာကွယ်တောမှတိုးချဲ့သည့်ဧရိယာပါဝင်ပါသည်။

ဇာစ်မြစ်။ ။ သစ်တောဦးစီးဌာန ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
# ကျွန်းနှင့်သစ်မာပင်များစိုက်ပျိုးရန်ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | **သစ်တောဦးစီးဌာန** | | | |
| ၁ | ကျွန်း | | | |
| ၁ | အပင် | အပင် ထောင်ပေါင်း | ၅၅၈ | ၅၃၆ |
| ၂ | ဧရိယာ | ဧက | ၁၂၄၀၀ | ၁၁၉၀၀ |
| ၂ | သစ်မာ | | | |
| ၁ | အပင် | အပင် ထောင်ပေါင်း | ၁၄၀ | ၁၄၀ |
| ၂ | ဧရိယာ | ဧက | ၃၁၀၀ | ၃၁၀၀ |
| | ၁ စီးပွားရေးစိုက်ခင်း | ။ | ၁၂၅၀ | ၁၄၂၅ |
| | -ပျဉ်းကတိုး | ။ | ၇၀၀ | ၅၇၅ |
| | -ပိတောက် | ။ | ၁၅၀ | ၂၅၀ |
| | -ထင်းရှူး | ။ | ၄၀၀ | ၆၀၀ |
| | ၂ ကျေးရွာသုံးစိုက်ခင်း | ။ | ၁၀၀၀ | ၁၁၀၀ |
| | ၃ ရေဝေရေလဲစိုက်ခင်း | ။ | ၈၅၀ | ၅၇၅ |

ဇာစ်မြစ်။ ။သစ်တောဦးစီးဌာန၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## ကျွန်းနှင့်သစ်မာပင်များစိုက်ပျိုးရန်ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | **အပူပိုင်းဒေသ** | | | |
| | **စိမ်းလန်းစိုပြည်ရေးဦးစီးဌာန** | | | |
| ၁ | သစ်မာ | | | |
| ၁ | အပင် | အပင် ထောင်ပေါင်း | ၃၃၃ | ၃၁၅ |
| ၂ | ဧရိယာ | ဧက | ၇၄၀၀ | ၇၀၀၀ |
| | ၁ ကျေးရွာသုံးစိုက်ခင်း | ။ | ၄၁၀၀ | ၃၆၅၀ |
| | ၂ ရေဝေရေလဲစိုက်ခင်း | ။ | ၁၆၀၀ | ၁၂၀၀ |
| | ၃ အရိပ်ပင်စိုက်ခင်း | ။ | ၁၇၀၀ | ၂၁၅၀ |

ဇာစ်မြစ်။ ။အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## သစ်တောထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်ရန် ရည်မှန်းချက်များ

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | **သစ်တောဦးစီးဌာန** | | | |
| ၁ | ကျွန်းသင်းသတ်ခြင်း * | အပင်ထောင်ပေါင်း | ၁၈၂ | ၁၈၂ |
| ၂ | သစ်မာပင်ထောင်တံဆိပ်ရိုက်မှတ်ခြင်း | ။ | ၆၃၆ | ၆၃၆ |
| ၃ | ပဝတ္တိမျိုးဆက်ခြင်း | ဧကထောင်ပေါင်း | ၁၆ | ၂၇ |
| ၄ | ဓမ္မတာမျိုးဆက်ခြင်း | ။ | ၄၄ | ၄၂ |
| ၅ | အုပ်မိုးကာဆိုင်းလှဲခြင်း | ။ | ၂၂ | ၂၀ |
| ၆ | ပေါင်းသင်ရှင်းလင်းခြင်း | ။ | ၁၇၆ | ၁၆၃ |
| ၇ | ပင်ကျပ်နှုတ်ခြင်း | ။ | ၁၁ | ၁၀ |
| ၈ | နွယ်ဖြတ်ခြင်းနှင့်ညောင်ပတ်လှဲခြင်း | ။ | ၂၃၂ | ၂၃၀ |
| ၉ | သစ်တောလမ်းများပြင်ဆင်ခြင်း | မိုင် | ၁၄၀၀ | ၁၄၀၀ |
| ၁၀ | ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း | ။ | ၁၃၈၀ | ၁၄၅၀ |
| ၁၁ | အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း | ။ | ၁၄၁၀ | ၁၄၈၀ |
| ၁၂ | မီးကာကွယ်ခြင်း | ဧကထောင်ပေါင်း | ၂၀၉ | ၁၇၆ |
| ၂ | **အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန** | | | |
| ၁ | ပဝတ္တိမျိုးဆက်ခြင်း | ဧကထောင်ပေါင်း | ၇ | ၇ |
| ၂ | ဓမ္မတာမျိုးဆက်ခြင်း | ။ | ၈ | ၇ |
| ၃ | ပေါင်းသင်ရှင်းလင်းခြင်း | ။ | ၃၉ | ၂၉ |
| ၄ | ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း | မိုင် | ၄၀၀ | ၃၅၀ |
| ၅ | မီးကာကွယ်ခြင်း | ဧကထောင်ပေါင်း | ၇၉ | ၆၆ |

* ကျွန်းစိုရိုက်မှတ်ခြင်းပါဝင်ပါသည်။

ဇာစ်မြစ်။ ။ သစ်တောဦးစီးဌာန ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

# ကျွန်းနှင့်သစ်မာခုတ်လှဲရန်ရည်မှန်းချက်

(အပင်)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | **ကျွန်း** | | |
| ၁ | သင်းသတ်မည့်ကျွန်းပင် | | |
| | ၁ နှစ်စရှိသင်းသတ်ပြီးကျွန်းပင် | ၃၅၂၅၆ | ၄၉၆၇၆ |
| | ၂ နှစ်အတွင်းသင်းသတ်မည့်ကျွန်းပင် | - | - |
| | ၃ သင်းသတ်ပြီးကျွန်းပင်ပေါင်း (၁ (၁) + ၁ (၂) ) | ၃၅၂၅၆ | ၄၉၆၇၆ |
| | ၄ နှစ်အတွင်းရိုက်မှတ်သည့်ကျွန်းစိုပင် | ၁၄၉၅၀၀ | ၁၄၉၅၀၀ |
| ၂ | နှစ်အတွင်းခုတ်လှဲမည့်ကျွန်းပင်ပေါင်း | ၁၅၉၀၀၀ | ၁၅၉၀၀၀ |
| | ၁ သင်းသတ်ပြီးကျွန်းပင် | ၉၅၀၀ | ၉၅၀၀ |
| | ၂ ကျွန်းစို | ၁၄၉၅၀၀ | ၁၄၉၅၀၀ |
| ၂ | **သစ်မာ** | | |
| ၁ | ပင်ထောင်ရိုက်မှတ်မည့်အပင် | ၆၆၀၀၀၀ | ၆၆၀၀၀၀ |
| ၂ | ခုတ်လှဲမည့်အပင် | ၈၅၂၀၀၀ | ၈၅၂၀၀၀ |

ဇာစ်မြစ်။ ။ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

## မြန်မာ့သစ်လုပ်ငန်းမှသစ်ခုတ်၊ သစ်ထုတ်နှင့်သစ်တိုက်အင်အားအသုံးပြုရန်ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | သစ်ခုတ်အင်အား | | | |
| ၁ | စက်လွှ | စင်းရေ | ၅၅၃ | ၆၄၇ |
| ၂ | ငါးမန်းလွှ | ။ | ၁၇၆၂ | ၁၇၅၆ |
| ၂ | သစ်ထုတ်အင်အား | | | |
| ၁ | ဆင် | ကောင်ရေ | ၂၄၆၆ | ၂၆၆၀ |
| ၂ | ထရက်တာ | စီးရေ | ၂၄၈ | ၂၃၂ |
| ၃ | စကစ်ဒါ | ။ | ၆၂ | ၅၉ |
| ၃ | သစ်တိုက်အင်အား | | | |
| ၁ | ထရပ်ကား | စီးရေ | ၂၉၆၈ | ၃၂၀၃ |
| ၁ | ဝန်လေးယာဉ် | ။ | ၃၇၂ | ၄၈၅ |
| ၂ | ဝန်လတ်ယာဉ် | ။ | ၄၇၃ | ၃၃၄ |
| ၃ | အငှားယာဉ် | ။ | ၂၁၂၃ | ၂၂၀၄ |

ဇာစ်မြစ်။ ။ မြန်မာ့သစ်လုပ်ငန်း၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

## မြန်မာ့သစ်လုပ်ငန်းမှ ကျွန်းနှင့်သစ်မာသယ်ယူပို့ဆောင်ရန်ရည်မှန်းချက်

(ထောင်ပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ကျွန်း | ကုဗတန် | ၂၃၃ | ၂၀၀ |
| | | ကုဗတန်မိုင် | ၄၉၇၈၂ | ၄၉၇၈၂ |
| | ၁ ဖောင်ဖွဲ့မျှောခြင်း | ကုဗတန် | ၁ | ၁ |
| | | ကုဗတန်မိုင် | ၈၂၃ | ၈၂၃ |
| | ၂ ကားဖြင့်သယ်ယူခြင်း | ကုဗတန် | ၁၄၅ | ၁၄၅ |
| | | ကုဗတန်မိုင် | ၁၈၀၇၄ | ၁၈၀၇၄ |
| | ၄ ဇက်ရေယာဉ်ဖြင့် သယ်ယူခြင်း | ကုဗတန် | ၅၄ | ၅၄ |
| | | ကုဗတန်မိုင် | ၃၀၇၈၅ | ၃၀၇၈၅ |
| ၂ | သစ်မာ | ကုဗတန် | ၁၄၀၀ | ၁၂၀၀ |
| | | ကုဗတန်မိုင် | ၂၈၄၄၉၁ | ၂၈၄၄၉၁ |
| | ၁ ဖောင်ဖွဲ့မျှောခြင်း | ကုဗတန် | ၃၈၉ | ၃၈၉ |
| | | ကုဗတန်မိုင် | ၁၃၉၂၄၅ | ၁၃၉၂၄၅ |
| | ၂ ကားဖြင့်သယ်ယူခြင်း | ကုဗတန် | ၈၁၁ | ၈၁၁ |
| | | ကုဗတန်မိုင် | ၁၄၅၂၄၆ | ၁၄၅၂၄၆ |

ဇာစ်မြစ်။ ။ မြန်မာ့သစ်လုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

## စွမ်းအင်ကဏ္ဍ

၃၆။ စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအင်အရင်းအမြစ်များ ဖြစ်သည့်ရေနံနှင့်သဘာဝဓါတ်ငွေ့ကို ပြည်တွင်းတွင် ဖူလုံစွာသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ တိုးတက်တင်ပို့နိုင်ရန် တိုးချဲ့ရှာဖွေ ထုတ်လုပ်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်

၃၇။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းအရ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ်မှတ်ထားသည့် အဓိက အမျိုးသားစီမံကိန်း ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- စွမ်းအင်ကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးကို ပုံမှန်ဈေးနှုန်းများအရ ကျပ် ၇၁၉၉၈.၉ သန်း ရရှိရန်နှင့် ယခင်နှစ်အပေါ် ၅.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထား ပါသည်။
- စွမ်းအင်အရင်းအမြစ်များဖြစ်သည့် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ကို ပြည်တွင်းသုံးစွဲမှုဖူလုံရေး၊ ပြည်ပသို့တိုးတက် တင်ပို့နိုင်မှုအတွက် တိုးချဲ့ရှာဖွေ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရေး ရည်မှန်းချက်ဖြင့် ရေနံစိမ်း ထုတ်လုပ်မှုကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ထက် သမဝါယမကဏ္ဍ တွင် ၁၆.၇ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုကို ၂၅.၈ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

၃၈။ မကွေးတိုင်း ဒေသကြီးတွင် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုများ တိုးတက် လာမည်ဟု ခန့်မှန်းခြင်းကြောင့်လည်းကောင်း၊ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ်၊ ကမ်းလွန်ရွှေသဘာဝ ဓာတ်ငွေ့မြေမှ စတင်ထွက်ရှိမည်ဟု ခန့်မှန်းထားခြင်းကြောင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဓနတိက သဘာဝဓာတ်ငွေ့မြေမှ စတင်ထွက် ရှိမည်ဟုလည်းကောင်း ခန့်မှန်းထားခြင်းတို့ကြောင့်တိုးတက်ရည်မှန်းထားခြင်းဖြစ်ပါသည်။

၃၉။ အဓိက အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- သာကြီးတောင်/စပယ်ရေနံမြေ
- ကျောက်ခွက်/လက်ပံတို/အရာတော်ရေနံမြေ

- ချောက်ရေနံမြေ
- ညောင်တုန်း/ မအူပင်ရေနံမြေ
- ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့ပိုက်လိုင်း

၄၀။ စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ ရည်မှန်းချက်များကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရန်ရည်မှန်းချက်

| အမှတ်စဉ် | | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|---|---|
| | | | | အရေအတွက် | ပြောင်းလဲမှုနှုန်း(%) | အရေအတွက် | ပြောင်းလဲမှုနှုန်း(%) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | ရေနံစိမ်း | အမေရိကန်စည် (ထောင်ပေါင်း) | ၇၁၅၆.၆ | ၀.၉ | ၆၈၉၆.၂ | -၃.၆ |
| | ၁ | ကုန်းတွင်း | ။ | ၃၄၃၅.၆ | ၁.၅ | ၃၃၅၁.၂ | -၂.၅ |
| | ၂ | ကမ်းလွန် | ။ | ၃၇၂၁.၀ | ၀.၃ | ၃၅၄၅.၀ | -၄.၇ |
| ၂ | | သဘာဝဓာတ်ငွေ့ | ကုဗပေသန်းပေါင်း | ၄၄၇၁၉၈ | ၂.၁ | ၅၆၂၆၆၅ | ၂၅.၈ |
| | ၁ | ကုန်းတွင်း | ။ | ၂၁၉၇၃ | ၁၈.၈ | ၁၈၂၈၀ | -၁၆.၈ |
| | ၂ | ကမ်းလွန် | ။ | ၄၂၅၂၂၅ | ၁.၃ | ၅၄၄၃၈၅ | ၂၈.၀ |
| ၃ | | ဘူးသွင်းသဘာဝဓာတ်ငွေ့ | ။ | ၇၁၉၅ | ၁.၁ | ၇၁၉၄ | -၀.၀၁ |

ဓာတ်မြစ်။ ။ မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သမဝါယမဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန

## သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ

### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်များ

၄၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး အတွက် ချမှတ်ထားသည့် အဓိက စီမံကိန်းရည်မှန်းချက် များမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသည့် သတ္တုနှင့်တွင်းထွက် ပစ္စည်းကဏ္ဍ ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုး ကို ကျပ်သန်းပေါင်း ၄၁၅၁၂၆.၈ တိုးတက်မှုနှုန်း ၂၄.၆ ရာခိုင်နှုန်း ရရှိအောင် ထုတ်လုပ်ရန်၊ စီမံကိန်းကာလအတွင်း အဓိက သတ္တုနှင့်တွင်းထွက်ပစ္စည်းများဖြစ်သည့် ကျောက်စိမ်းကို ၇.၈ ရာခိုင်နှုန်း၊ ကျောက်မျက် ရတနာကို ၁၀.၅ ရာခိုင်နှုန်း၊ ကြေးနီနှင့်ရောရာသတ္တုရိုင်းကို ၃၀.၄ ရာခိုင်နှုန်း၊ ကျောက်မီးသွေးကို ၈၂.၈ ရာခိုင်နှုန်း၊ ရွှေ ကို ၁၅၄.၁ ရာခိုင်နှုန်း၊ ဖယ်ရိုနီကယ်ကို ရာခိုင်နှုန်းပြည့် အသီးသီးတိုးတက်အောင် ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

၄၂။ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းအနေဖြင့် ခဲသတ္တုသန့်စင်ကို ရှမ်းပြည်နယ်တွင် နမ္မတူ မြို့နယ်၊ ကလောမြို့နယ်နှင့် နောင်ချိုမြို့နယ်၊ ခဲနှင့်ရောရာသတ္တုရိုင်းကို ကချင်ပြည်နယ်တွင် ချီဖွေမြို့နယ်နှင့် ဗန်းမော်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် သာစည်မြို့နယ်၊ ပျော်ဘွယ် မြို့နယ်နှင့် ရမည်းသင်း မြို့နယ်၊ ရှမ်းပြည်နယ်တွင် ကလောမြို့နယ်၊ လွိုင်လင်မြို့နယ်၊ မူဆယ်မြို့နယ်၊ရွာငံမြို့နယ်၊ လားရှိုး မြို့နယ်၊ သီပေါမြို့နယ်၊ မန်တုံမြို့နယ်၊ နောင်ချိုမြို့နယ်၊ မုံကိုးမြို့နယ်၊ ကွမ်းလုံမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ ကရင်ပြည်နယ်တွင် ကြာအင်းဆိပ်ကြီး မြို့နယ်၊ သွပ်နှင့် ရောရာသတ္တုရိုင်းကို ရှမ်းပြည်နယ်တွင် တန့်ယန်းမြို့နယ်၊ ကွမ်းလုံမြို့နယ်၊ လားရှိုးမြို့နယ်၊ ဟိုပန်မြို့နယ်၊ လွိုင်လင် မြို့နယ်၊ ရွာငံမြို့နယ်၊ တောင်ကြီးမြို့နယ်၊ ကလော မြို့နယ်၊ဟိုပုန်းမြို့နယ်၊ ကရင်ပြည်နယ်တွင်မြဝတီမြို့နယ်၊ကချင်ပြည်နယ်တွင် ချီဖွေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် စဉ့်ကူးမြို့နယ်၊ ကြေးနီနှင့်ရောရာသတ္တုရိုင်းကို စစ်ကိုင်းတိုင်း ဒေသကြီးတွင် ကောလင်းမြို့နယ်၊ရှမ်းပြည်နယ်တွင် တာချီလိတ်မြို့နယ်၊ ဧရာဝတီတိုင်း ဒေသကြီးတွင် လေးမျက်နှာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ကျောက်ဆည် မြို့နယ်၊ ရှမ်းပြည်နယ်တွင် ကလောမြို့နယ်နှင့် လားရှိုးမြို့နယ်တို့တွင်လည်းကောင်း၊ သံသတ္တုရိုင်းကို ကချင်ပြည်နယ်တွင် ချီဖွေမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့တွင်လည်းကောင်း၊ ခနောက်စိမ်းနှင့် ရောရာသတ္တုရိုင်းကို ရှမ်းပြည်နယ်တွင် မန်တုံမြို့နယ်၊ ဟိုပုံးမြို့နယ်၊ ဖယ်ခုံမြို့နယ်၊

ပင်းတယမြို့နယ်၊ ကလောမြို့နယ်၊ နောင်တရားမြို့နယ်၊ ကရင်ပြည်နယ်တွင် ကြာအင်းဆိပ်ကြီး မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဖာပွန်မြို့နယ်၊ ကယားပြည်နယ်တွင် လွိုင်ကော်မြို့နယ်နှင့် ဖရူးဆိုးမြို့နယ်၊ မွန်ပြည်နယ်တွင် ကျိုက်မရော မြို့နယ်၌ လည်းကောင်း၊ ခနောက်စိမ်းသတ္တုသန့်စင်ကိုကရင်ပြည်နယ်တွင် ကြာအင်း ဆိပ်ကြီးမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီးတွင် သာစည်မြို့နယ်၌လည်းကောင်း ပုဂ္ဂလိကကုမ္ပဏီများနှင့်ပူးပေါင်း၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များကို လုပ်ကိုင် ခွင့်ပြုထားပါသည်။

၄၃။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသည်လည်း ပုဂ္ဂလိကကုမ္ပဏီများ နှင့်ပူးပေါင်း၍၊ ရွှေနှင့် ခဲမဖြူ၊ အဖြိုက်နက် သတ္တုရောရာများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ထုတ်လုပ်လျှက်ရှိပါ သည်။ မြန်မာပြည်မြောက်ပိုင်း၊ ကချင်ပြည်နယ်မှ တနင်္သာရီတိုင်းဒေသကြီး၊ ရွှေကျွန်းဒေသအထိ ရွှေဖြစ်ထွန်းသည့် ဒေသများတွင် အသေးစား ရွှေသတ္တုထုတ်လုပ်မှုနှင့် အကြီးစားရွှေသတ္တု ထုတ်လုပ် မှုများကို လုပ်ကိုင်ခွင့်ပြုထားပါသည်။ ရွှေအကြီးစား ဖက်စပ် ထုတ်လုပ်မှုအနေဖြင့် စစ်ကိုင်းတိုင်း ဒေသကြီး တွင် ကောလင်းမြို့နယ်၌ ကျောက်ပုထိုး ရွှေထုတ်လုပ် ရေးသတ္တုတွင်းမှ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ပုသိမ်ကြီးမြို့နယ်၌ ဖယောင်းတောင် ရွှေထုတ်လုပ်ရေး သတ္တုတွင်း နှင့် ရမည်းသင်းဒေသတို့တွင် လုပ်ကွက်A၊ လုပ်ကွက် B၊ လုပ်ကွက် C ၊ လုပ်ကွက် E နှင့် ရှမ်းပြည်နယ်၊ ကလောမြို့နယ်တွင် လုပ်ကွက် D တို့မှာ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် အကြီးစား ထုတ်လုပ်လျှက်ရှိပါသည်။ ရွှေအသေးစား ဖက်စပ် ထုတ်လုပ်မှု အနေဖြင့် ကချင်ပြည်နယ်၊ ကရင်ပြည် နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အသေးစား လုပ်ကွက်များအား သက်တမ်း(၃)နှစ် ခွင့်ပြု၍ လုပ်ကွက် တစ်ကွက်လျှင်(၂၀)ဧကစီ လုပ်ကိုင် ခွင့်ပြုပြီး ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။ ခဲမဖြူ အဖြိုက်နက် အသေးစားလုပ်ကွက်များမှာ တနင်္သာရီ တိုင်းဒေသကြီးနှင့် ကယားပြည်နယ်၊ ကချင်ပြည်နယ် နှင့် မွန်ပြည်နယ်တို့တွင် အသေးစားလုပ်ကွက် တစ်ကွက်လျှင် ဧက(၅၀)ခန့် လုပ်ကိုင်ခွင့်ပြု ထားပါသည်။ အကြီးစားခဲမဖြူ အဖြိုက်နက်ကိုလည်း ထုတ်လုပ်ခွင့်ပြုထားရာ တနင်္သာရီ တိုင်း ဒေသကြီး၊ ထားဝယ်ခရိုင် အတွင်းရှိ ဟိန္ဒာသတ္တုတွင်းအား နိုင်ငံတော်နှင့်အကျိုးတူ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်အရ စာချုပ်ချုပ်ဆို၍၊ တူးဖော် ထုတ်လုပ်နေသော ယိုးဒယားနိုင်ငံသားပိုင် Myanmar Pongpipat ကုမ္ပဏီ

အနေဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု နှစ်စဉ် ခန့်မှန်း အမေရိကန်ဒေါ်လာ (၁၀၀,၀၀၀)ကို ၁၉၉၉ ခုနှစ်၊ ဇူလိုင်လမှ စတင်၍ ယနေ့တိုင် ဆက်လက် လုပ်ကိုင်လျှက်ရှိပါသည်။

၄၄။ အမှတ် (၃) သတ္တုတွင်းလုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်သည့် ကျောက်မီးသွေး၊ ဂေါဒန်ကျောက်၊ ထုံးကျောက်၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်၊ မာဘယ်ကျောက်၊သံကြွယ်ဘောက်ဆိုဒ်အစရှိသောစက်မှုတွင်းထွက်ကုန်ကြမ်း(၂၅) မျိုးအား ပုဂ္ဂလိကကုမ္ပဏီများနှင့် ထုတ်လုပ်မှု အပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။ နိုင်ငံခြား ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှု အနေဖြင့်လည်း ဖယ်ရိုနီကယ် ထုတ်လုပ်မှုကို တရုတ်ပြည်သူ သမ္မတနိုင်ငံ Myanmar CNMC Nickel Co.,Ltd မှတကောင်းတောင်နီကယ်စီမံကိန်း ဖြင့်လည်းကောင်း၊ မာဘယ်အလှဆင်ကျောက် ထုတ်လုပ်မှုကို တောင်ကုတ်မြို့နယ်၊ နေပူတောင်ဒေသ တွင် ဗီယက်နမ်နိုင်ငံ SIMCO Song Da Joint Stock Co.,မှလည်းကောင်း၊ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ထုတ်လုပ်ရန်ရည်မှန်းထားပါသည်။ကျောက်မီးသွေးကိုကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ရှမ်းပြည်နယ် (တောင်/မြောက်/အရှေ့)၊ ထုံးကျောက်ကို ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊မွန်ပြည်နယ်၊ရှမ်းပြည်နယ်(တောင်/မြောက်) ၊ ဂရက်နိုက် အလှဆင်ကျောက် ကို ကရင်ပြည်နယ်တွင် လည်းကောင်း၊ မင်းဂနီးစ် ဒိုင်အောက်ဆိုဒ် ကို ရှမ်းပြည်နယ်(တောင်/အရှေ့) နှင့် တနင်္သာရီတိုင်းဒေသကြီး တို့တွင်လည်းကောင်း၊ ဂေါဒန်ကျောက်ကို တနင်္သာရီတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်(တောင်/မြောက်) တွင်လည်းကောင်း၊ ကြွေကျောက်ကို တနင်္သာရီတိုင်းဒေသကြီးတွင် လည်းကောင်း၊ ရွှံ့စေးဖြူကို မွန်ပြည်နယ် တွင်ကောင်း၊ သံကြွယ်ဘောက်ဆိုဒ်ကို မကွေးတိုင်း ဒေသကြီး နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင်လည်းကောင်း၊ ဖယ်ရိုနီကယ်ကို စစ်ကိုင်းတိုင်းဒေသကြီး တွင် လည်းကောင်း၊ မာဘယ် အလှဆင်ကျောက်ကို မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် တို့တွင် လည်းကောင်း၊ ဂရက်ဖိုက်ကို မန္တလေးတိုင်းဒေသကြီး၊ သလင်းကျောက်ကို ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် လည်းကောင်း ပြည်တွင်း၊ပြည်ပလုပ်ငန်းရှင်များဖြင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ် ဖြင့် ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

၄၅။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း အနေဖြင့် ကျောက်စိမ်းများကို ကချင် ပြည်နယ်တွင် လုံးခင်း၊ ဖားကန့်၊ မိုးညှင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ခန္တီးမြို့နယ်၊

ကျောက်မျက် ရတနာများကို ကချင်ပြည်နယ်တွင် နန့်ယားဆိပ်၊ မန္တလေးတိုင်းဒေသကြီးတွင် မိုးကုတ်မြို့နယ်နှင့် ရှမ်းပြည်နယ်တွင် မိုင်းရှူးမြို့နယ်တို့၌ ထုတ်လုပ်ရန်ရည်မှန်းထားပါသည်။

၄၆။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အနေဖြင့် ကျောက်စိမ်း များကို ကချင်ပြည်နယ်၊ ဖားကန့် ဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးဒေသတို့တွင်လည်းကောင်း၊ ကျောက်မျက်ရတနာများကို မန္တလေးတိုင်းဒေသကြီးတွင် မိုးကုတ်ဒေသရှိရတနာမြေနှင့် ရှမ်းပြည်နယ်၊ မိုင်းရှူးမြို့နယ်တို့တွင် လည်းကောင်း၊ ခဲမဖြူအဖြိုက်နက် ရိုးလိုက်ရောရာကို ကယားပြည်နယ်၊ မော်ချီးဒေသ၊ မော်ချီး သတ္တုတွင်း တို့တွင် လည်းကောင်း၊ ထုံးကျောက်၊ရွှံ့စေးနှင့် ဘောက်ဆိုဒ် တို့ကို မန္တလေးတိုင်း ဒေသကြီးတွင် ကျောက်ဆည်မြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် လည်းကောင်း ထုတ်လုပ်ရန် ရည်မှန်းထား ပါသည်။

၄၇။ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် အနေဖြင့် ကြေးနီသတ္တုစင် ထုတ်လုပ်မှုကို အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ (၁-၁-၂၀၁၁) ရက်နေ့တွင် လွှဲပြောင်းယူခဲ့ပြီး၊ ဖက်စပ်လုပ်ငန်းတစ်ခု ဖြစ်သော မြန်မာယန်စီကြေးနီလီမိတက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ် နှင့် ယင်းမာပင်မြို့နယ်များရှိ စပယ်တောင်နှင့် ကြေးစင်တောင် သတ္တုတွင်းတို့မှ ကြေးနီသတ္တုစင် ထုတ်လုပ်မှုကို နှစ်စဉ်မ/တန် ၂၅၀၀၀ ခန့် ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

၄၈။ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှလည်း ဂေါဒန်ကျောက်၊ ထုံးကျောက်၊ ဂဝံကျောက်၊ ရွှံ့စေးဖြူ များကို ထုတ်လုပ်ရန်ရည်မှန်းထားပြီး၊ သံမဏိတုံးထုတ်လုပ်မှုနှင့် ပတ်သက်၍ အမှတ်(၃)သံမဏိစက်ရုံ (ရန်ကုန်တိုင်း)တွင် ဆက်လက်ထုတ်လုပ်ရန် ရည်မှန်းထားပြီး၊ အမှတ်(၄)သံမဏိစက်ရုံ(မြင်းခြံ/ မန္တလေးတိုင်းဒေသကြီး) မှ သံမဏိတုံး ထုတ်လုပ်မှု နှင့် အမှတ် (၅) သံမဏိစက်ရုံ (ပင်းပက်/ရှမ်းပြည်နယ်၊ တောင်) မှ သံစိမ်းထုတ်လုပ်မှုတို့ကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစား စက်မှုလုပ်ငန်းသို့ လွှဲပြောင်း ပေးခဲ့ပြီး၊ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ/မန္တလေးတိုင်းဒေသကြီး)မှ သံမဏိတုံး ထုတ်လုပ်မှုနှင့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်/ရှမ်းပြည်နယ်၊တောင်)မှ သံစိမ်း ထုတ်လုပ်မှု တို့ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

၄၉။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည် လုပ်ငန်းမှ လည်း ထုံးကျောက်နှင့်သံကျောက်ကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း

ဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးတို့တွင်လည်းကောင်း၊ မြေဖြူစေးကို ပဲခူးတိုင်း ဒေသကြီး(အနောက်)နှင့် မွန်ပြည်နယ်တို့တွင် လည်းကောင်း၊ ဖန်ချက်သဲဖြူကို တနင်္သာရီ တိုင်းဒေသကြီး၊ ရွှံ့စေးဖြူကို မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လည်းကောင်း၊ မြေဖြူဖွယ်ကို ပဲခူးတိုင်းဒေသကြီး(အနောက်)၊ မြေနီမြေနက်ကို ရန်ကုန်တိုင်းဒေသကြီး တို့တွင်လည်းကောင်း ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

၅၀။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှလည်း ကျောက်မာထုတ်လုပ်မှုကို ပဲခူးတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် မွန်ပြည် နယ် တို့တွင် ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၊ ခွန်ထိန်း ကျောက်ထုတ်ဦးစီးမှုလည်း ကျောက်မာထုတ်လုပ်မှုကို ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း ဒေသကြီး တို့တွင် လည်းကောင်း၊ ကျောက်စရစ်ထုတ်လုပ်မှုကို ဧရာဝတီ တိုင်း ဒေသကြီး တွင် လည်းကောင်း အသီးသီးထုတ်လုပ်ရန် ရည်မှန်းထားပါသည်။ ရန်ကုန်မြို့ တော် စည်ပင် သာယာရေး ကော်မတီ မှလည်း မွန်ပြည်နယ်တွင် လိပ်သဲကျောက် ထုတ်လုပ်ရန် ရည်မှန်း ထားပါသည်။

၅၁။ သမဝါ ယမဝန်ကြီးဌာနမှလည်း ကျောက်စိမ်းများကို ကချင်ပြည်နယ်၊ ကျောက်မျက် ရတနာ များကို မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်တို့တွင် ထုတ်လုပ်ရန်ရည်မှန်း ထားပါသည်။ မြစ်သဲကို ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ မုံရွာမြေဖြူကို စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းခင်းကျောက်၊ ကြွေကျောက်၊ စကျင်ကျောက်တို့ကို မန္တလေး တိုင်းဒေသကြီး၊ ဂဝံအုတ်ပြား၊ ရေတွင်းကျောက်၊ ကျင်းကျောက်တို့ကို မွန်ပြည်နယ်၊ ဂရက်နိုက်အလှဆင်ကျောက်အုတ်ကို ရန်ကုန်တိုင်း ဒေသကြီးတို့တွင် ထုတ်လုပ်ရန်ရည်မှန်း ထားပါသည်။

၅၂။ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍနှင့်ပတ်သက်၍ ရည်မှန်းချက်များကို တစ်ဖက်ပါ ဇယားများ ဖြင့် ဖော်ပြအပ်ပါသည်-

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## အဓိကသတ္တုနှင့်တွင်းထွက်ပစ္စည်းများထုတ်လုပ်ရန်ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|---|
| | | | အရေအတွက် | ပြောင်းလဲမှုနှုန်း(%) | အရေအတွက် | ပြောင်းလဲမှုနှုန်း(%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ခဲမဖြူအဖြိုက်နက် ရိုးလိုက်ရောရာ | မ/တန် | ၈၆၀ | ၁.၈ | ၈၂၆ | -၄.၀ |
| ၂ | ခဲမဖြူသတ္တုစင်(၉၉.၉%) | မ/တန် | ၁၇၀ | ၀.၀ | ၁၇၀ | ၀.၀ |
| ၃ | ရွှေ | ထရိုင်အောင်စ | ၂၇၆၁၁ | ၁.၀ | ၇၀၁၇၁ | ၁၅၄.၁ |
| ၄ | ကြေးနီသတ္တုစင် | မ/တန် | ၂၅၀၀၀ | ၀.၀ | ၂၂၆၅၀ | -၉.၄ |
| ၅ | သံမဏိတုံး | မ/တန် | ၉၇၃၀၁ | ၆.၄ | ၉၄၃၀၁ | -၃.၁ |
| ၆ | ခနောက်စိမ်းသတ္တုရိုင်း | မ/တန် | ၃၆၀ | ၀.၀ | ၃၆၀ | ၀.၀ |
| ၇ | ခနောက်စိမ်းနှင့် ရောရာသတ္တုရိုင်း | မ/တန် | ၅၀၉၀ | -၂၉.၄ | ၅၀၃၀ | -၁.၂ |
| ၈ | ကြေးနီ(နှင့်ရောရာ)သတ္တုရိုင်း | ။ | ၁၀၅၀၀ | ၁၄.၉ | ၁၃၆၉၇ | ၃၀.၄ |
| ၉ | သံသတ္တုရိုင်း | ။ | ၁၀၀၀၀၀ | ၃၀.၉ | ၉၅၄၉ | -၉၀.၅ |
| ၁၀ | ကျောက်စိမ်း | ကီလို(၀၀၀) | ၅၂၁၃၆ | ၈.၆ | ၅၆၁၈၃ | ၇.၈ |
| ၁၁ | ကျောက်မျက်ရတနာ | ကရက်(၀၀၀) | ၁၃၇၈၉ | -၁.၅ | ၁၅၂၃၁ | ၁၀.၅ |
| ၁၂ | မင်းဂနီးစ်ဒိုင်အောက်ဆိုဒ် | တန် | ၁၄၀၂၀၀ | ၇၄.၄ | ၈၉၂၅၁ | -၃၆.၃ |
| ၁၃ | အလှဆင်ကျောက် | မ/တန် | ၁၉၁၆၂ | ၁.၇ | ၁၈၁၉၀ | -၅.၁ |
| ၁၄ | ကျောက်မီးသွေး | တန် | ၅၆၆၀၄၄ | -၂.၉ | ၁၀၃၄၈၇၄ | ၈၂.၈ |
| ၁၅ | ဘရိုက်တီးကျောက် | မ/တန် | ၂၆၀၀၀ | ၀.၄ | ၂၅၀၀၀ | -၃.၈ |
| ၁၆ | ဂေါဒန်ကျောက် | တန်(၀၀၀) | ၁၇၉ | -၂.၂ | ၁၁၂ | -၃၇.၄ |
| ၁၇ | ထုံးကျောက် | တန်(၀၀၀) | ၃၆၅၄ | ၆.၂ | ၄၀၆၁ | ၁၁.၁ |
| ၁၈ | ရွှံ့စေးဖြူ | တန်(၀၀၀) | ၄၂၆ | ၁.၄ | ၄၃၆ | ၂.၃ |
| ၁၉ | မြေဖယောင်း | မ/တန် | ၇၂၀၉ | ၅၉.၉ | ၆၇၀၀ | -၇.၁ |
| ၂၀ | ကျောက်မာ | ကျင်း(၀၀၀) | ၂၃၀၂ | ၂.၁ | ၂၄၆၁ | ၆.၉ |
| ၂၁ | သဲ | ။ | ၁၆၇၄၅ | -၁၀.၄ | ၁၇၃၄၉ | ၃.၆ |
| ၂၂ | လမ်းခင်းကျောက် | ။ | ၁၀၇၁၅ | ၆.၃ | ၉၆၈၄ | -၉.၆ |
| ၂၃ | ဖယ်ရိုနီကယ် | မ/တန် | | | ၁၈၆၉ | |

ရင်းမြစ်။ ။ (၁) သက်ဆိုင်ရာဝန်ကြီးဌာနများ။
(၂) မြန်မာ့စီးပွားရေးဦးပိုင်လီမီတက်။
(၃) မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း။
(၄) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
(၅) တိုင်းဒေသကြီး/ပြည်နယ်များ

## စက်မှုလက်မှုကဏ္ဍ

### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်များ

၅၃။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ အသားတင် ထုတ်လုပ်မှုတန်ဖိုး ကျပ် ၁၀၇၇၈၇၃၆.၅ သန်း နှင့် တိုးတက်မှုနှုန်း ၁၀.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၅၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်နိုင်ငံပိုင်အခန်းမှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ တန်ဖိုး ကျပ် ၃၇၁၆၈၉.၄ သန်း ထုတ်လုပ်ရန်နှင့် ၁၅.၇ ရာခိုင်နှုန်း လျော့နည်း ရည်မှန်းထားပါသည်။

၅၅။ စီမံကိန်းကာလအတွင်း ကုန်ပစ္စည်းအချို့၏ ထုတ်လုပ်ရန် ရည်မှန်းချက်များမှာ ချက်နို့ဆီ ပေါင်ထောင်ပေါင်း ၁၀၀၇၅၄၈ နှင့် တိုးတက်မှုနှုန်း ၆၂.၁ ရာခိုင်နှုန်း ရှိရန် လည်းကောင်း၊ ချုပ်ပြီးအထည် ထောင်ပေါင်း ၄၃၂၄၂၉ နှင့် တိုးတက်မှုနှုန်း ၁၄.၁ ရာခိုင်နှုန်း ရှိရန် လည်းကောင်း၊ ဘိလပ်မြေ မက်ထရစ်တန် ၂၄၈၀၄၀၈ နှင့် တိုးတက်မှုနှုန်း ၈.၉ ရာခိုင်နှုန်း ရှိရန် လည်းကောင်း၊ အုတ် ခုထောင်ပေါင်း ၁၂၁၅၄၂၁၇ နှင့် တိုးတက်မှုနှုန်း ၃၀.၉ ရာခိုင်နှုန်း ရှိရန် လည်းကောင်း၊ မှန် မက်ထရစ်တန် ၅၉၀၀ နှင့် တိုးတက်မှု နှုန်း ၁၈.၀ ရာခိုင်နှုန်း ရှိရန် လည်းကောင်း၊ သစ်မာခွဲသား ကုဗတန် ၃၉၈၀၃၇၁ နှင့် တိုးတက်မှုနှုန်း ၅၈.၀ ရာခိုင်နှုန်း ရှိရန် လည်းကောင်း၊ ဓါတ်မြေသြဇာ မက်ထရစ်တန် ၁၃၀၁၂၀၄ နှင့် တိုးတက်မှု နှုန်း ၅.၇ ရာခိုင်နှုန်း ရှိရန် အသီးသီးရည်မှန်းထားပါသည်။

၅၆။ နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ နိုင်ငံအနှံ့ တိုးတက်ဖြစ်ထွန်းလာရေး၊ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့် ထုတ်လုပ်နိုင်မှုအပေါ် အခြေခံ၍ လယ်ယာအခြေခံ စက်မှုလုပ်ငန်းများကို ဆင့်ပွား လုပ်ငန်းများအဖြစ် ဖန်တီး အကောင်အထည်ဖော်ဆောင်ရွက်ရေး စသည်တို့ကိုရည်မှန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၅၇။ နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုကဏ္ဍ၏ မူဝါဒ(၈)ရပ်ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိပြီး လုပ်ငန်းစဉ်အားလုံးကို ဟန်ချက် ညီညီ အကောင်အထည်ဖော်နိုင်ရန်အတွက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အောက်တွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဆပ်ကော်မတီ (၁၂)ရပ်ကို ဖွဲ့စည်း၍ ပုဂ္ဂလိက

အခန်း ကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍများကို တိုးမြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၅၈။ စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများအနက် အချို့ကို အစိုးရ၏ ဝန်ထုပ်ဝန်ပိုးများ လျော့ကျလာစေရန်နှင့် ပုဂ္ဂလိကကဏ္ဍပါဝင်မှု အချိုးအစား မြင့်မားလာစေရန်အတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အသွင်သဏ္ဍာန်ဖြင့် ဆောင်ရွက်ခြင်း (PPP)ဖြင့်လည်းကောင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း(JV) ဖြင့်လည်းကောင်း၊ နိုင်ငံပိုင် စက်ရုံအလုပ်ရုံများ အား နှစ်ရှည်ငှားရမ်း ဆောင်ရွက်စေခြင်း (Long Term Leasing)ဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၅၉။ စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ပိုင်စက်မှုလုပ်ငန်းများ၊ စက်ရုံများကို ကြီးကြပ်ကွပ်ကဲမှုဆောင်ရွက်နေသည့်အပြင် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတွင် အရေးပါသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက်ကိုလည်း စက်မှုလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး ကော်မတီမှ ကြီးကြပ်၍ ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိပါသည်။

၆၀။ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအရ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (GDP) တွင် စက်မှုကဏ္ဍ၏ ပါဝင်မှုမှာ (၂၁.၆ ရာခိုင်နှုန်း) ခန့် ရှိသဖြင့် အိမ်နီးချင်း ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် များစွာ လျော့နည်းလျက်ရှိသေးကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ယခုကဲ့သို့ နိုင်ငံတော်၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများကို ဘက်ပေါင်းစုံ မှ ကြိုးပမ်းဆောင်ရွက်နေသည့်အချိန်တွင် စက်မှုကဏ္ဍကို ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက် ရေးမှာ အဓိကအခန်းမှ ပါဝင်နေပါသည်။

၆၁။ မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းများ (နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်) တွင် အသေးစားနှင့် အလတ် စားစက်မှု လုပ်ငန်းများ၏ ပါဝင်မှုမှာ (၉၀ ရာခိုင်နှုန်း) ကျော် ဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် အသေးစား နှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို စူးစိုက်အားပေး ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

၆၂။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၏ ရည်မှန်းချက်မှာ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် အားပေးကူညီ ဆောင်ရွက်ပြီး အကြီးစားစက်မှု လုပ်ငန်းများကိုလည်း တိုးမြှင့် ထူထောင်လာနိုင်စေရေးကို အလေးထား ဆောင်ရွက်သွားရန်၊ ထိုမှ တစ်ဆင့် သွင်းကုန်အစားထိုး ထုတ်လုပ်မှုနှင့် ပို့ကုန်များ တိုးမြှင့် တင်ပို့နိုင်ရေးကို တစ်ပြိုင် နက်တည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၆၃။ မကြာမီရောက်ရှိလာမည့် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသအကောင်အထည် ပေါ်လာလျှင် အာဆီယံနိုင်ငံများမှ ကုန်စည်များ လွတ်လပ်စွာစီးဆင်းလာပြီး ပြည်တွင်း ဈေးကွက်ကို ပိုမို ဝင်ရောက်လာမည် ဖြစ်ပါသည်။ ပြည်တွင်းစက်မှုလုပ်ငန်းများအနေဖြင့် ပြည်ပမှ ဝင်ရောက်လာသည့် စက်မှုထွက်ကုန်ပစ္စည်းများနှင့် အရည်အသွေးရော ဈေးနှုန်းပါ ယှဉ်ပြိုင်နိုင်ဖို့ လိုအပ်လာမည် ဖြစ်ပါ သည်။

၆၄။ ပြည်တွင်းစက်မှုလုပ်ငန်းရှင်များအနေဖြင့် သွင်းကုန်အစားထိုးမူဝါဒအရ ကာကွယ်မှု များနှင့်သာ လုံလောက်မည်မဟုတ်ဘဲ ပြည်ပနိုင်ငံများမှရင်းတို့၏ဒေသနှင့် ကုန်ထုတ် စွမ်းအား အရ အားသာချက်ရှိသော ကုန်ပစ္စည်းများကို အရည်အသွေး မြင့်မြင့်မားမားနှင့် ဈေးနှုန်း သက်သာစွာ တင်သွင်းလာပါကယှဉ်ပြိုင်နိုင်ရန်အခက်အခဲများရှိလာနိုင်ပါသည်။ သို့ဖြစ်၍ ပြည်တွင်း စက်မှုလုပ်ငန်းရှင်များကလည်း မိမိ၏လုပ်ငန်းမှ အားသာချက်များကို ရှာဖွေ ဖော်ထုတ်အသုံးချလျက် ပြည်တွင်းဈေးကွက်တွင်သာမက ပေါ်ထွန်းလာသည့် အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသအရ ရရှိလာမည့် အခွင့်အလမ်းကို ယူပြီး မြန်မာနိုင်ငံ၏ သယံဇာတနှင့်စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံ၍ တန်ဖိုးမြှင့် ထုတ်ကုန် (Value-added Product) များ ထုတ်လုပ် တင်ပို့နိုင်ပါက ကြီးမားသော ဈေးကွက်ကို ရရှိနိုင်မည်ဖြစ်ပါသည်။

၆၅။ နိုင်ငံတော်အစိုးရသည် ပြည်တွင်းစက်မှုလုပ်ငန်းရှင်များ လိုအပ်သော အရင်းအနှီးနှင့် နည်းပညာများရရှိနိုင်ရေးအတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပေးခြင်း၊ ပြည်တွင်း လုပ်ငန်းရှင်များနှင့် ဖက်စပ်(Joint Venture)စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ဖြေလျှော့ပေးခြင်း၊ ပုဂ္ဂလိကစက်မှု လုပ်ငန်းရှင် များ နိုင်ငံတကာနှင့် ဆက်သွယ်၍ ကုန်သွယ်မှုများဆောင်ရွက်ရာတွင် အဆင်ပြေ ချောမွေ့စေ ရေးအတွက် ကူးသန်း ရောင်းဝယ်ရေးဆိုင်ရာနှင့် ဘဏ္ဍာလုပ်ငန်းဆိုင်ရာ ကန့်သတ်ချက်များ ကို ဖြေလျှော့ပေးခြင်း စသည်တို့ဖြင့် စက်မှုလုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများနှင့် ဈေးကွက်ရှိ စားသုံးသူများအကြား ညှိနှိုင်းဖြေလျှော့ပေးသူ (Facilitator) အဖြစ် ဆောင်ရွက် ပေးရမည် ဖြစ်သည်။

၆၆။ နိုင်ငံတော်၏ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးဆောင်ရွက်ရန် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ (Industrial Development Policy) ကို ချမှတ်ရာ တွင် နိုင်ငံတော်မှချမှတ် ဆောင်ရွက်လျက်ရှိသည့် အခြား ကဏ္ဍများဆိုင်ရာ မူဝါဒများ ဖြစ်သည့် စီးပွားရေးမူဝါဒ (Economic Policy)၊ ငွေကြေးဆိုင်ရာ မူဝါဒ (Fiscal Policy)၊

ရင်းနှီး မြှုပ်နှံမှုမူဝါဒ (Investment Policy)၊ စိုက်ပျိုးရေးမူဝါဒ (Agricultural Policy)၊ စွမ်းအင် ဆိုင်ရာမူဝါဒ (Energy Policy) နှင့် လူမှုရေးဆိုင်ရာမူဝါဒ (Social Policy) များနှင့် လည်း ဆက်နွယ် ထိစပ်လျက်ရှိသည့်အတွက် အဆိုပါမူဝါဒများနှင့် လိုက်ဖက် ဆီလျော်မှု ရှိအောင် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၆၇။ ပုဂ္ဂလိက အခန်းကဏ္ဍ ပါဝင်မှုအချိုးအစား မြင့်မားလာစေရေးအတွက် နိုင်ငံတော်၏ အခြေခံ လိုအပ်ချက်မဟုတ်သည့် စက်ရုံများ၊ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသည့် စက်ရုံများကို ပြည်တွင်း / ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုပုံစံ (Public Private Partnership)ဖြင့် ပြောင်းလဲ၍ တိုးမြှင့် ဆောင်ရွက် သွားရမည်ဖြစ်သည်။

၆၈။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ခေတ်မီစက်ပစ္စည်း ကိရိယာများကို ကိုင်တွယ်မောင်းနှင်ပြီး အဆင့်မြင့်ထုတ်လုပ်မှု နည်းစဉ်များကို ကွပ်ကဲ ကြီးကြပ် လုပ်ကိုင်နိုင်သော အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များကို သင်ကြား လေ့ကျင့်မွေးထုတ်ပေးမည့် တက္ကသိုလ်၊ ကောလိပ်၊ စက်မှုသင်တန်းကျောင်းများ ထူထောင် ပေးခြင်း၊ ထုတ်လုပ်မှုနည်းပညာနှင့် ထုတ်လုပ်မှုနည်းစဉ်များ တိုးတက်ခေတ်မီ စေရန်နှင့် အဆင့်မြင့် တိုးတက်အကျိုးပြုနိုင်မည့် နည်းပညာသစ်များ ဖော်ထုတ်နိုင်ရေး အတွက် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို နည်းပညာတက္ကသိုလ်၊ ကောလိပ်နှင့် စက်မှု သင်တန်းကျောင်းတို့မှ သက်ဆိုင်ရာစက်မှုလုပ်ငန်းများနှင့် ပူးပေါင်းကာ သုတေသနပြုခြင်း များကို ကြိုးပမ်းရမည် ဖြစ်ပါသည်။

၆၉။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်အတွက် လက်ရှိ ဥပဒေများ၊ မူဝါဒများနှင့် မတူဘဲ ပိုမိုလွတ်လပ်မှုများရှိပြီး လုပ်သာကိုင်သာ ပိုမိုရရှိသော အထူး စီးပွားရေးဇုန်များကို အကောင်အထည် ဖော်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်အထူး စီးပွားရေးဇုန်၊ ရန်ကုန်တိုင်း ဒေသကြီးတွင် သီလဝါအထူးစီးပွားရေးဇုန်နှင့် ရခိုင်ပြည်နယ်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့ကို မြန်မာအထူးစီးပွားရေးဇုန် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၏ ကြီးကြပ် မှုဖြင့် အကောင်အထည်ဖော် လျက်ရှိပါသည်။

၇၀။ ထားဝယ် အထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံ၏ ပထမဆုံး အကောင်အထည် ဖော်နေသည့် အထူးစီးပွားရေးဇုန် စီမံကိန်းဖြစ်ပြီး မဟာမဲခေါင်ဒေသခွဲ တောင်ပိုင်း စီးပွားရေး စင်္ကြံ (GMS Southern Economic Corridor) ပေါ်၌ မြန်မာနိုင်ငံ၏

တောင်ဘက်စွန်း စီးပွားရေး အချက်အချာကျသည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် မြို့နယ်တွင် တည်ရှိပြီး အဆိုပါ စီမံကိန်း တည်ထောင်ခြင်းဖြင့် ထိုင်းနိုင်ငံ၏ ဘန်ကောက်မြို့ အရှေ့ပိုင်း စီးပွားရေးဇုန် (East Borne) နှင့် ဆက်စပ်ကာ ပေါ်ပေါက်လာမည့် အနောက်ပိုင်း စီးပွားရေးဇုန် (West Borne) အဖြစ် ရောက်ရှိလာမည် ဖြစ်သည့်အပြင် အရှေ့အာရှ နိုင်ငံများ၊ အရှေ့အလယ်ပိုင်း နိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် ဆက်စပ်ဆောင်ရွက်နိုင်မည့် ဒေသတွင်း အချက်အချာ နေရာ (Regional Hub) အဖြစ် တည်ရှိလာမည် ဖြစ်ပါသည်။

၇၁။ ထို့ပြင် ဗီယက်နမ်နိုင်ငံ၊ ဒါနမ်ဆိပ်ကမ်း၊ ဗန်တောင်ဆိပ်ကမ်းမှကုန်စည်များ၊ မဟာမဲ ခေါင်ဒေသခွဲ နိုင်ငံများမှ ကုန်စည်များ၊ ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ကုန်စည် ကို အာဆီယံ ကား/ရထား ဆက်သွယ်ရေး ကွန်ယက်လမ်းကြောင်းများမှတစ်ဆင့် ဟိုချီမင်းမြို့၊ ဖနွမ်းပင်မြို့နှင့် ဘန်ကောက်မြို့တော်များသို့ ဖြတ်သန်းပြီး ထားဝယ်ရေနက် ဆိပ်ကမ်းသို့ လွယ်ကူလျင်မြန်စွာ သယ်ယူ ပို့ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် ထားဝယ်ရေနက် ဆိပ်ကမ်း သည် ဒေသအတွင်း ကုန်စည်သယ်ယူ ပို့ဆောင်ရေးတွင် အဓိကကျသော ဒေသတစ်ခုအဖြစ် ပေါ်ထွန်းလာစေမည် ဖြစ်ပါသည်။

၇၂။ ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်းကို ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ (၁၀) နှစ် စီမံကိန်းဖြင့် အကောင်အထည်ဖော်မည်ဖြစ်ပြီး ၎င်းစီမံကိန်း အတွက် အခြေခံအဆောက်အအုံ တည်ဆောက်မှုအပေါ် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန် ဒေါ်လာ ၈.၆ ဘီလီယံ ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ထိ အောက်ပါအတိုင်း ရင်းနှီးမြှုပ်နှံမည် ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | အမေရိကန်ဒေါ်လာ | ၅၀၀.၀၀ | သန်း |
| (ခ) | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | အမေရိကန်ဒေါ်လာ | ၁၀၀၀.၀၀ | သန်း |
| (ဂ) | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | အမေရိကန်ဒေါ်လာ | ၁၅၀၀.၀၀ | သန်း |

၇၃။ သီလဝါ အထူးစီးပွားရေးဇုန်ကို ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက် လျက်ရှိပါသည်။ သီလဝါအထူးစီးပွားရေးဇုန်သည် ရန်ကုန်မြို့လေဆိပ်မှ ၃၈ ကီလိုမီတာ၊ ရန်ကုန်မြို့လယ် မှ ၂၃ ကီလိုမီတာနှင့်ရန်ကုန်ဆိပ်ကမ်းမှ ၁၈ ကီလိုမီတာ ကွာဝေးပါ သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ထိ အောက်ပါအတိုင်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | အမေရိကန်ဒေါ်လာ | ၅၀.၀၀ | သန်း |
| (ခ) | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | အမေရိကန်ဒေါ်လာ | ၁၀၀.၀၀ | သန်း |
| (ဂ) | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | အမေရိကန်ဒေါ်လာ | ၂၀၀.၀၀ | သန်း |

၇၄။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု အတွက် အထူးအရေးပါသည့်စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျောက်ဖြူဒေသအား အထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၇၅။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စက်မှုဝန်ကြီးဌာန၏ ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများမှာအောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ Heavy Diesel Engine Manufacturing Project ၊ သာဂရ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊

(ခ) အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ Automobile Mould & Die Manufacturing Project ၊ မြိုင်၊ မကွေးတိုင်းဒေသကြီး၊

(ဂ) အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ Truck Axle Manufacturing Project၊ မြင်းခြံ၊ မန္တလေးတိုင်းဒေသကြီး၊

(ဃ) အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၄) သံမဏိစက်ရုံ၊ မြင်းခြံ၊ မန္တလေးတိုင်းဒေသကြီး၊

(င) အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ မှန်စက်ရုံစီမံကိန်း၊ ကျောက်ဆည်၊ မန္တလေးတိုင်းဒေသကြီး၊

(စ) အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ Truck Manufacturing Project၊ ရန်ကုန်၊ ရန်ကုန်တိုင်းဒေသကြီး၊

(ဆ) အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၅)သံမဏိစက်ရုံ ၊ ပင်းပက်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊

(ဇ) စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ တစ်နေ့တန်(၆၀) ဓာတုစက်ကြိတ်ပျော့ဖတ်နှင့် သတင်းစာစက္ကူ စက်ရုံ၊ သာပေါင်း၊ ဧရာဝတီတိုင်းဒေသကြီး၊

၇၆။ စက်မှုလက်မှုကဏ္ဍနှင့်ပတ်သက်၍ ရည်မှန်းချက်များကို တစ်ဖက်ပါဇယားများဖြင့် ဖော်ပြ အပ်ပါသည်-

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

## စက်မှုလက်မှုကဏ္ဍ၏ ရွေးချယ်ထားသောကုန်ပစ္စည်းများထုတ်လုပ်ရန်ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|---|
| | | | အရေအတွက် | ပြောင်းလဲမှုနှုန်း(%) | အရေအတွက် | ပြောင်းလဲမှုနှုန်း(%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ဆန် | က်ထရစ်တန်ထော | ၁၇၈၂၇.၀ | ၁.၂ | ၁၇၄၈၈.၅ | -၁.၉ |
| ၂ | စားဆီ | ပိဿာထောင် | ၅၃၁၅၉၃ | ၁.၁ | ၅၂၈၆၇၇ | -၀.၅ |
| ၃ | သကြား | မက်ထရစ်တန် | ၂၈၅၂၂၆ | ၄.၅ | ၂၄၇၀၃၉ | -၁၃.၄ |
| ၄ | အသင့်စားခေါက်ဆွဲ | ထုပ်ထောင် | ၁၃၀၇၂ | -၃၃.၂ | ၁၈၉၁၀၈ | ၁၃၄၆.၇ |
| ၅ | ငါးစည်သွပ်ဘူး | ပေါင်ဘူးထောင် | ၁၄၈၀၁ | ၆.၁ | ၂၄၆၅၇ | ၆၆.၆ |
| ၆ | နို့ဆီ | ဘူးထောင် | ၂၉၉၄၇ | ၁.၅ | ၃၀၄၆၅ | ၁.၇ |
| ၇ | ချက်နို့ဆီ | ပေါင်ထောင် | ၆၂၁၄၁၂ | ၃၅.၃ | ၁၀၀၇၅၄၈ | ၆၂.၁ |
| ၈ | ချုပ်ပြီးထည် | ထည်ထောင် | ၃၇၉၁၄၅ | ၆.၁ | ၄၃၂၄၂၉ | ၁၄.၁ |
| ၉ | စက္ကူ | မက်ထရစ်တန် | ၁၆၇၇၇၉ | ၂.၃ | ၂၂၂၇၃၄ | ၃၂.၈ |
| ၁၀ | အဆင့်မြင့်ပျော့ဖတ် | တန်ထောင် | ၂၀ | ၅၄.၄ | ၂၅ | ၂၅.၀ |
| ၁၁ | အဆင့်မြင့်စက္ကူ | က်ထရစ်တန်ထော | ၃ | ၀.၀ | ၃ | ၀.၀ |
| ၁၂ | ဘိလပ်မြေ | မက်ထရစ်တန် | ၂၂၇၇၇၄၀ | -၀.၅ | ၂၄၈၀၄၀၈ | ၈.၉ |
| ၁၃ | နံရံကပ်ကြွေပြား | ခုထောင် | ၄၄၃၉ | -၃၂.၇ | ၄၄၃၉ | ၀.၀ |
| ၁၄ | အုတ် | ။ | ၉၂၈၃၁၃၉ | ၇.၀ | ၁၂၁၅၄၂၁၇ | ၃၀.၉ |
| ၁၅ | မျက်နှာကျက်ပြား | ချပ်ထောင် | ၂၀၆၅၀ | ၁၁.၂ | ၅၅၄၀ | -၇၃.၂ |
| ၁၆ | မှန် | က်ထရစ်တန်ထော | ၅.၀ | -၂၂.၉ | ၅.၉ | ၁၈.၀ |
| ၁၇ | အထပ်သားသစ်မာ | စပေထောင် | ၁၃၈၁၀၄ | ၀.၀ | ၁၁၅၉၈၁ | -၁၆.၀ |
| ၁၈ | ကျွန်းခွဲသား | ကုဗတန် | ၈၉၅၀ | ၀.၀ | ၈၉၅၀ | ၀.၀ |
| ၁၉ | သစ်မာခွဲသား | ကုဗတန် | ၂၅၁၉၉၇၁ | ၄.၂ | ၃၉၈၀၃၇၁ | ၅၈.၀ |
| ၂၀ | ခါတ်ဆီ | ဂါလန်ထောင် | ၁၃၁၆၉၆ | ၂.၁ | ၇၈၄၄၁ | -၄၀.၄ |

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

## စက်မှုလက်မှုကဏ္ဍ၏ ရွေးချယ်ထားသောကုန်ပစ္စည်းများထုတ်လုပ်ရန်ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|---|
| | | | အရေအတွက် | ပြောင်းလဲမှုနှုန်း(%) | အရေအတွက် | ပြောင်းလဲမှုနှုန်း(%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၂၁ | ရေနံဆီ | ဂါလန်ထောင် | ၂၈၃ | ၉.၃ | ၂၂၃ | -၂၁.၂ |
| ၂၂ | ဒီဇယ်ဆီ | ။ | ၄၉၇၇၉ | ၀.၃ | ၄၂၁၉၉ | -၁၅.၂ |
| ၂၃ | မီးထိုးဆီ | ။ | ၁၄၄၀၁ | ၇.၁ | ၁၃၅၃၉ | -၆.၀ |
| ၂၄ | ဖယောင်းတိုင် | မက်ထရစ်တန် | ၅၉၇၈၇၉ | -၂၀.၃ | ၄၆၉၆၈၁ | -၂၁.၄ |
| ၂၅ | ဓါတ်မြေသြဇာ | မက်ထရစ်တန် | ၁၂၃၁၄၄၉ | ၁၃.၄ | ၁၃၀၁၂၀၄ | ၅.၇ |
| ၂၆ | ထရန်စဖော်မာ | လုံး | ၁၂၆၇၀ | ၆.၄ | ၄၀၄၀၅ | ၂၁၈.၉ |
| ၂၇ | ဘက်ထရီအိုး | လုံးထောင် | ၁၈၇၁၅ | ၁၆.၇ | ၃၅၈၃ | -၈၀.၉ |
| ၂၈ | စက်ဘီး | စီး | ၁၁၈ | -၉၉.၃ | ၁၂၇ | ၇.၆ |
| ၂၉ | မော်တော်ကား | ။ | ၁၄၇၃၈ | -၂.၀ | ၁၀၄၅၉ | -၂၉.၀ |
| ၃၀ | ရေစုပ်စက် | စုံ | ၁၇၀၅၄ | -၂.၀ | ၂၄၂၃ | -၈၅.၈ |
| ၃၁ | လယ်ထွန်စက် | စီး | ၂၁၃ | -၄.၅ | ၁၈၉ | -၁၁.၃ |
| ၃၂ | လက်တွန်းလယ်ထွန်စက် | ။ | ၁၀၈၀၀ | ၀.၀ | ၈၅၀၀ | -၂၁.၃ |
| ၃၃ | Power Cable | ခွေ | ၉၅၀ | ၁၁.၈ | ၉၈၅ | ၃.၇ |
| ၃၄ | ပီဗွီစီလျှပ်စစ်ဓါတ်ကြိုး | ။ | ၅၇၁၉၀၀ | ၆.၂ | ၅၅၀၀၀ | -၉၀.၄ |
| ၃၅ | Copper Rod | တန် | ၆၄၅ | ၀.၈ | ၆၅၀ | ၀.၈ |
| ၃၆ | Bare Copper Wire | ကေဂျီ | ၆၈၅၀၀၀ | ၅.၄ | ၇၅၀၀၀၀ | ၉.၅ |
| ၃၇ | Industrial Machine Tools | လုံး | ၂၃၅ | ၀.၀ | ၂၄၀ | ၂.၁ |

ဇာစ်မြစ်။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များ။

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## ဝန်ကြီးဌာနအလိုက်နိုင်ငံပိုင်အခန်းမှကုန်ပစ္စည်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းအရ )

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | စက်မှုဝန်ကြီးဌာန | ၃၈၁၈၀၉ | ၂၆၄၀၇၆ |
| | ၁ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း | ၁၉၅၄၄၆ | ၇၁၅၂၅ |
| | ၂ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း | ၇၇၄၉၈ | ၇၇၆၆၇ |
| | ၃ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း | ၁၈၄၆၃ | ၁၈၀၄၁ |
| | ၄ အထည်အလိပ်လုပ်ငန်း | ၃၆၃၄၅ | ၄၁၃၄၈ |
| | ၅ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း | ၂၅၆၇၃ | ၂၆၆၁၆ |
| | ၆ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း | ၂၈၃၈၄ | ၂၈၈၇၉ |
| ၂ | စွမ်းအင်ဝန်ကြီးဌာန | ၂၇၆၂၂၉ | ၂၁၇၉၅၆ |
| | ၁ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း | ၂၇၆၂၁၆ | ၂၁၇၉၄၂ |
| | ၂ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | ၁၃ | ၁၄ |
| ၃ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၂၈၂၇၄ | ၇၇၅၅ |
| ၄ | မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန | ၃၁၀၆၈ | ၁၅၆၆၁ |
| ၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | ၅၉၁၉၈ | ၅၇၇၃၄ |
| ၆ | သတ္တုတွင်းဝန်ကြီးဌာန | ၂၄၇ | ၂၅၅ |
| ၇ | ပို့ဆောင်ရေးဝန်ကြီးဌာန | ၁၃၉၀၄ | ၁၅၂၄၅ |
| ၈ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ၉၈၃၇၇ | ၁၁၀၀၈၁ |
| ၉ | ကာကွယ်ရေးဝန်ကြီးဌာန | ၄၀၃၉၄၀ | ၃၉၆၇၁၈ |
| ၁၀ | အခြားဝန်ကြီးဌာနများ | ၉၀၆၂ | ၁၀၀၁၀ |
| | **စုစုပေါင်း** | **၁၃၀၂၁၀၈** | **၁၀၉၅၄၉၁** |

ဇာစ်မြစ်။ ။ပြည်ထောင်စုဝန်ကြီးဌာနများ

## လျှပ်စစ်ဓာတ်အားကဏ္ဍ

### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်များ

၇၇။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍ ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ကျပ် ၅၇၃၈၀၄.၄ သန်း ရရှိရန် ခန့်မှန်း ထားသဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ၁၃.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထား ပါသည်။

၇၈။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း စီမံကိန်းများမှာ -

- လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအောက်ရှိ သဘာဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အား ပေးစက်ရုံများကိုလှော်ကား(တိုးချဲ့)၊ ရွာမ (တိုးချဲ့)၊ အလုံ(တိုးချဲ့)၊ သာကေတ (တိုးချဲ့)၊မော်လမြိုင်(တိုးချဲ့)နှင့် ကျောက်ဖြူတို့တွင် ထပ်မံတိုးချဲ့တည်ဆောက်မည်ဖြစ်ရာ စုစုပေါင်း တပ်ဆင်အင်အား ၉၀၂.၃ မဂ္ဂါဝပ် မှ ပျမ်းမျှ ကီလိုဝပ်နာရီ သန်းပေါင်း ၁၁၇.၈ ပိုမိုထုတ်လုပ်နိုင်မည် ဖြစ်ပါ သည်။
- စက်မှုလက်မှု လုပ်ငန်းသစ်များ အတွက် ဓာတ်အားလိုင်းများ တည်ဆောက်ရေး စီမံကိန်း၊ မဟာဓာတ်အားလိုင်း စနစ်တိုးချဲ့ခြင်းလုပ်ငန်း၊ ကာကွယ်ရေး စက်ပစ္စည်း စက်ရုံစီမံကိန်းအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေး စီမံကိန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၇၉။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လျှပ်စစ်မီးလင်းသည့် မြို့ပေါင်း **၄၈၅** မြို့နှင့် ကျေးရွာ **၄၀၈၁** ရွာ အထိ ရှိမည်ဖြစ်ပါသည်။

၈၀။ လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် ပတ်သက်၍ ရည်မှန်းချက်များကို တစ်ဖက်ပါဇယား များဖြင့် ဖော်ပြအပ်ပါသည်-

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အားတပ်ဆင်ရန် ရည်မှန်းချက်

(မဂ္ဂါဝပ်)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | ရေအားလျှပ်စစ် | ၃၁၁၁ | ၃၀၄၄ |
| ၁ | လက်ရှိဓာတ်အားပေးစက်များ | ၂၂၄၄ | ၂၂၄၄ |
| ၂ | တိုးချဲ့တည်ဆောက်သည့်ဓာတ်အားပေးစက်များ | ၈၆၆ | ၈၀၀ |
| | ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ | | |
| | ၁ တာပိန်(၁) | ၂၄၀ | ၂၄၀ |
| | ၂ ရွှေကျင် | ၇၅ | ၇၅ |
| | ၃ ကွန်းချောင်း | ၆၀ | ၆၀ |
| | ၄ နန်ချို | ၄၀ | ၄၀ |
| | ၅ ချီဖွေငယ် | ၉၉ | ၉၉ |
| | ၆ ဘီလူးချောင်း (၃) | ၅၂ | ၅၂ |
| | ၇ သောက်ရေခပ် (၂) | ၁၂၀ | ၁၂၀ |
| | ၈ အထက်ပေါင်းလောင်း | ၁၄၀ | - |
| | ၉ ဖြူးချောင်း | ၄၀ | ၄၀ |
| | ၁၀ ကြီးအုံကြီးဝ | - | ၇၄ |
| ၂ | ရေနွေးငွေ့လျှပ်စစ် | ၂၈၅ | ၂၈၅ |
| ၁ | လက်ရှိဓာတ်အားပေးစက်ရုံများ | ၂၈၅ | ၂၈၅ |
| ၃ | သဘာဝဓာတ်ငွေ့သုံးလျှပ်စစ် | ၅၅၀ | ၁၄၅၂ |
| ၁ | လက်ရှိဓာတ်အားပေးစက်များ | ၅၅၀ | ၅၅၀ |
| ၂ | တိုးချဲ့တည်ဆောက်သည့်ဓာတ်အားပေးစက်များ | | ၉၀၂ |
| | ၁ လှော်ကား(တိုးချဲ့) | | ၁၇၆ |
| | ၂ ရွာမ(တိုးချဲ့) | | ၂၉၀ |
| | ၃ သာကေတ(တိုးချဲ့) | | ၂၁၆ |
| | ၄ မော်လမြိုင်(တိုးချဲ့) | | ၅၀ |
| | ၅ ကျောက်ဖြူ | | ၅၀ |
| | ၆ အလုံ(တိုးချဲ့) | | ၁၂၀ |
| ၄ | ဒီဇယ်လျှပ်စစ် | ၆၀ | ၆၃ |
| | **စုစုပေါင်း** | **၄၀၀၆** | **၄၈၄၄** |

ဓာတ်မြစ်။ ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း

## လျှပ်စစ်ဓာတ်အား အသုံးပြုရန်ရည်မှန်းချက်

| အမှတ်စဉ် | | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|---|---|
| | | | | အရေအတွက် | ပြောင်းလဲမှုနှုန်း(%) | အရေအတွက် | ပြောင်းလဲမှုနှုန်း(%) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | | **စုစုပေါင်းအသုံးပြုသောလျှပ်စစ်ဓာတ်အား** | ကီလိုဝပ်နာရီသန်းပေါင်း | **၁၃၃၇၈.၃** | **၃.၆** | **၁၄၁၂၆.၀** | **၅.၆** |
| ၁ | | **နိုင်ငံပိုင်** | ။ | **၈၁၉၁.၁** | **၄.၃** | **၈၇၁၆.၉** | **၆.၄** |
| | ၁ | စက်ရုံသုံး | ။ | ၂၉၁၉.၆ | ၄.၅ | ၃၀၈၇.၅ | ၅.၈ |
| | ၂ | အိမ်သုံး | ။ | ၃၅၃၃.၃ | ၃.၉ | ၃၆၅၁.၇ | ၃.၄ |
| | ၃ | ဆေးရုံ၊ရုံး၊ကျောင်းစသည်များ | ။ | ၁၆၅၅.၆ | ၄.၉ | ၁၇၃၅.၇ | ၄.၈ |
| | ၄ | အထွေထွေသုံး | ။ | ၈၂.၆ | ၄.၈ | ၉၆.၀ | ၁၆.၂ |
| | ၅ | ကုမ္ပဏီသို့ရောင်းချခြင်း | ။ | | | ၁၄၆.၀ | |
| ၂ | | **သမ/အဖွဲ့အစည်းပိုင်** | ။ | **၃၃၇၂.၁** | **-၇.၉** | **၃၅၁၆.၄** | **၄.၃** |
| | ၁ | သမဝါယမပိုင် | | ၁.၃ | -၃.၅ | ၁.၄ | ၇.၇ |
| | ၂ | အဖွဲ့အစည်းပိုင် | | ၃၃၇၀.၈ | ၂.၅ | ၃၅၁၅.၀ | ၄.၃ |
| ၃ | | **ပုဂ္ဂလိကပိုင်** | ။ | **၁၈၁၅.၁** | **၂.၅** | **၁၈၉၂.၇** | **၄.၃** |

ဓာတ်မြစ်။ ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊သမဝါယမဦးစီးဌာန၊တိုင်းဒေသကြီး/ပြည်နယ်

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု
# အသုံးပြုမှု ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | စုစုပေါင်းထုတ်ပေးသော လျှပ်စစ်ဓာတ်အား | ကီလိုဝပ်နာရီ သန်းပေါင်း | ၁၂၈၀၆ | ၁၀၂၂၁ |
| | ၁ ရေအား | ״ | ၉၂၀၇ | ၇၀၂၂ |
| | ၂ ရေနွေးငွေ့အား | ״ | ၁၀၆၂ | ၅၃၃ |
| | ၃ သဘာဝဓာတ်ငွေ့အား | ״ | ၂၅၁၅ | ၂၆၃၃ |
| | ၄ ဒီဇယ်အား | ״ | ၃၂ | ၃၃ |
| ၂ | ဌာနတွင်းအသုံးပြုသော လျှပ်စစ်ဓာတ်အား | ״ ״ | ၂၀၄ | ၁၅၆ |
| ၃ | အသားတင်ထုတ်လုပ်ပေး သောလျှပ်စစ်ဓာတ်အား | ״ ״ | ၁၂၆၀၂ | ၁၀၀၆၅ |
| ၄ | အသုံးပြုသောလျှပ်စစ် ဓာတ်အား | ״ | ၈၁၉၁ | ၈၇၁၇ |
| | ၁ စက်ရုံသုံး | ״ | ၂၉၂၀ | ၃၀၈၇ |
| | ၂ အိမ်သုံး | ״ | ၃၅၃၃ | ၃၆၅၂ |
| | ၃ ဆေးရုံ၊ရုံး၊ကျောင်း စသည့်အသုံး | ״ | ၁၆၅၅ | ၁၇၃၆ |
| | ၄ အထွေထွေသုံး | ״ | ၈၃ | ၉၆ |
| | ၅ ကုမ္ပဏီသို့ရောင်းချခြင်း | ״ | | ၁၄၆ |
| ၅ | ဓာတ်အားရောင်းချရငွေ | ကျပ်သန်း | ၄၅၉၄၆၂.၇ | ၄၈၉၄၃၆.၉ |

ဓာတ်မြစ်။ ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
# လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ
# လျှပ်စစ်ဓာတ်အားတပ်ဆင်ပြီးစီးမည့် မြို့နှင့် ကျေးရွာများ

(ဦးရေ)

| စဉ် | | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|---|
| | | | မြို့ | ကျေးရွာ | မြို့ | ကျေးရွာ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | ကချင်ပြည်နယ် | ၃၀ | ၇၇ | ၃၀ | ၆၈ |
| ၂ | | ကယားပြည်နယ် | ၈ | ၅၈ | ၈ | ၅၇ |
| ၃ | | ကရင်ပြည်နယ် | ၁၆ | ၆၀ | ၁၆ | ၅၀ |
| ၄ | | ချင်းပြည်နယ် | ၁၂ | ၇၃ | ၁၂ | ၆၆ |
| ၅ | | စစ်ကိုင်းတိုင်းဒေသကြီး | ၄၄ | ၃၁၆ | ၄၄ | ၅၉၅ |
| ၆ | | တနင်္သာရီတိုင်းဒေသကြီး | ၁၈ | ၇၃ | ၁၈ | ၆၆ |
| ၇ | | **ပဲခူးတိုင်းဒေသကြီး** | **၆၂** | **၄၁၉** | **၆၂** | **၅၆၈** |
| | ၁ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၃၆ | ၁၃၆ | ၃၆ | ၂၆၀ |
| | ၂ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၂၆ | ၂၈၃ | ၂၆ | ၃၀၈ |
| ၈ | | မကွေးတိုင်းဒေသကြီး | ၃၂ | ၁၆၅ | ၃၂ | ၃၁၅ |
| ၉ | | မန္တလေးတိုင်းဒေသကြီး | ၃၈ | ၄၁၂ | ၃၈ | ၆၈၀ |
| ၁၀ | | မွန်ပြည်နယ် | ၁၈ | ၁၁၄ | ၁၈ | ၁၉၀ |
| ၁၁ | | ရခိုင်ပြည်နယ် | ၂၀ | ၁၆၇ | ၂၀ | ၁၆၅ |
| ၁၂ | | ရန်ကုန်တိုင်းဒေသကြီး | ၅၂ | ၃၃၂ | ၅၄ | ၅၈၇ |
| ၁၃ | | **ရှမ်းပြည်နယ်** | **၈၉** | **၂၃၂** | **၈၉** | **၃၄၀** |
| | ၁ | ရှမ်းပြည်နယ်(တောင်) | ၂၈ | ၁၁၈ | ၂၈ | ၂၃၀ |
| | ၂ | ရှမ်းပြည်နယ်(မြောက်) | ၃၈ | ၇၃ | ၃၈ | ၇၆ |
| | ၃ | ရှမ်းပြည်နယ်(အရှေ့) | ၂၃ | ၄၁ | ၂၃ | ၃၅ |
| ၁၄ | | ဧရာဝတီတိုင်းဒေသကြီး | ၄၃ | ၁၇၀ | ၄၃ | ၃၃၂ |
| | | စုစုပေါင်း | **၄၈၃** | **၂၆၆၉** | **၄၈၅** | **၄၀၈၁** |

ဓာတ်မြစ်။ ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## ဆောက်လုပ်မှုကဏ္ဍ

### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်များ

၈၁။ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်အတွက် ဆောက်လုပ်မှုကဏ္ဍ၏အဓိက စီမံကိန်းရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ပုံမှန်ဈေးနှုန်းများအရ အသားတင်ဆောက်လုပ်မှုတန်ဖိုး ကျပ် ၂၄၉၉၉၀၇.၃ သန်း ရရှိစေရန်နှင့် ၂၂.၇ ရာခိုင်နှုန်း တိုးတက်ရန်၊
- ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ဆောက်လုပ်မှုတန်ဖိုး ပမာဏကို နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၂၆၉၆၀၃၇.၃ သန်း လျာထားသည့်အနက် နိုင်ငံပိုင်အခန်းတွင် ကျပ် ၈၇၉၀၃၂.၄ သန်း၊ သမဝါယမအဖွဲ့အစည်းပိုင်အခန်းတွင် ကျပ် ၃၂၆.၉ သန်းနှင့် ပုဂ္ဂလိကပိုင်အခန်းတွင် ကျပ် ၁၈၁၆၆၇၈.၀ သန်း ပါဝင်ရန် ရည်မှန်းထားပါသည်။

၈၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာဆက်သွယ်မှု လမ်းကြောင်းများအား အိမ်နီးချင်းနိုင်ငံများထက် မနိမ့်ကျစေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက ကုန်သွယ်မှုလမ်းကြောင်းများဖြစ်စေရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးကိုဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းများပေါ်ရှိ လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်းချက်ထားပါသည်။

၈၃။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံကောင်းများ ရရှိရေးသည် အရေးကြီးဆုံး အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အခြေခံအဆောက်အအုံတွင် လမ်းနှင့် တံတား တည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများသည် အဓိက လိုအပ်ချက်ပင် ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရည်မှန်းချက်ကို အထောက်အကူ ပြုစေရန်အတွက် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့ပြီး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာနိုင်ရန် လမ်း/တံတား အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၈၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် နှစ်စဉ် ရန်ပုံငွေများတင်ပြတောင်းခံပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ရန်ပုံငွေ ရရှိမှုပေါ် မူတည်ပြီးမှသာ လုပ်ငန်းများအား ရည်မှန်းချက်များပြည့်ဝအောင် အကောင်အထည်ဖော် ဆောင်ရွက်နေရပါသည်။ ဆောက်လုပ်ရေးကဏ္ဍဖြစ်သော နိုင်ငံတစ်ဝှမ်း လမ်း၊တံတားများ အဆင့်မြှင့်တင်ရေး၊ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လက်ရှိအနေအထား အရ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်လျက်ရှိရာ ဘဏ္ဍာငွေကြေးအားနည်းမှုရှိခြင်း၊

နည်းပညာအားနည်းမှုရှိခြင်း၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းအားနည်းမှုနှင့် အများပြည်သူ ပူးပေါင်းပါဝင်မှုအားနည်းခြင်း၊ ဆောက်လုပ်မှုကဏ္ဍနှင့် ပတ်သက်သော ဌာနများ၊ အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းတို့ကဲ့သို့ စိန်ခေါ်မှုများ ရှိနေပါသည်။

၈၅။ ဆောက်လုပ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သို့ နှစ်စဉ်ရန်ပုံငွေတင်ပြ တောင်းခံပြီး ဆောင်ရွက်လျက်ရှိသကဲ့သို့ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ချိတ်ဆက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း၊ အာရှဘဏ်၊ ကမ္ဘာ့ဘဏ်မှ ချေးငွေများရရှိရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ နိုင်ငံခြားအဖွဲ့အစည်းများနှင့် ဖောက်လုပ် ပြုပြင် အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် လွှဲပြောင်းပေးခြင်း စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး ပြည်တွင်းကုမ္ပဏီ (၂၈)ခုနှင့် ဖောက်လုပ် ပြုပြင် အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် လွှဲပြောင်းပေးခြင်း စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၈၆။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရန်ကုန်-မန္တလေးအမြန်လမ်း အသက်ကယ်ကွန်ကရစ်တုံးများ၊ ကွန်ကရစ်တန်းများ ဆောင်ရွက်ခြင်း၊ ယာဉ်အန္တရာယ် ကင်းရှင်းစေရန် သံဇကာခြံစည်းရိုး ကာရံခြင်း၊ မိုင် ၂၄၃/၃-၃၆၆/၃ အတွင်း မြေထိန်းနံရံ တည်ဆောက်ခြင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်းနှင့် နေပြည်တော်ကောင်စီနယ်မြေရှိ ကျေးရွာများ ချိတ်ဆက်သောလမ်းများ ဖောက်လုပ်ခြင်း၊ရန်ကုန်-မန္တလေးအမြန်လမ်းနှင့် မိုင်၂၈၅/၀-၃၅၀/၂ အတွင်း ကျေးရွာများ ချိတ်ဆက်သောလမ်းများအား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၈၇။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းတံတားဦးစီးမှ ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်းအချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**(က) လမ်းဖောက်လုပ်ခြင်း**

(၁) မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်း

(၂) ကသာ-ဗန်းမော်လမ်း(ကသာ-စင်ခန်း)

(၃) ကြာအင်းဆိပ်ကြီး-တဂေး-ခုတ်ခွား-ကျိုက်ဒုံလမ်း

(၄) ပိန္နဲတော-လေးကေလမ်း

(၅) ထီလုံ-တာပေါင်း-ပတ-နဘူး-အောက်ဗိုလ်တဲလမ်း

(၆) ကြာအင်းဆိပ်ကြီး-ချောင်းဆုံ-ဘုရားသုံးဆူလမ်း

(၇) ဟားခါး-ဂန့်ဂေါလမ်း (ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၈) ဟာခါး-မတူပီလမ်း

(၉) မင်းတပ်-မတူပီလမ်း

(၁၀) သင်္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း

(၁၁) ကနီ-မင်းကင်း-တောင်တွင်းချောင်းလမ်း

(၁၂) နတ်မောက်-ရွာမွန်-ဇီးဖြူကုန်း-ကျောက်ပန်းတောင်းလမ်း

(၁၃) ပုသိမ်-မုံရွာလမ်း

(၁၄) မလွန်-စစ္စနိုး-ရေနံမ-ကျောက်ပုံ-ကန်တုတ်လမ်း

(၁၅) တွင်းငယ်-မိုးမိတ်လမ်း

(၁၆) နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေးလမ်း)

(၁၇) ကျောက်ဆည်-ပြင်ဦးလွင်-မိုးကုတ်လမ်း

(၁၈)မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-သာယာဝှမ်း-ဇီးပင်ရိုင်း-ဝဲကြီး-ကူးတို့ဆိပ်-ရေလွှဲဆည်-သစ်ဆိမ့်ပင်-နှမ်းတော-သကြားစက်-နေပြည်တော်ပတ်လမ်း

(၁၉)ရန်ကုန်-ကျောက်ဖြူလမ်း(ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၂၀) မအီ-ပဒဲကြော-အမ်းလမ်း

(၂၁) မြေပုံ-ကံသာ-ကပိုင်လမ်း

(၂၂) ပန်းတော-မီးပြ-ဇွဲဘာကုန်း-ကွနီး-ကမာကလုပ်လမ်း

(၂၃) တွံ့တေး-မအူပင်လမ်း

(၂၄) ရေတွင်းကုန်း-မြို့ချောင်း-တော်လတီ-ရွာသာလမ်း

(၂၅) တာလေ-မိုင်းပါသျှိုး-ကျိုင်းလပ်လမ်း

(၂၆) မိုင်းယောင်း-မိုင်းယုလမ်း

(၂၇) မိုင်းပန်-မုံးထ-မုံးထော်လမ်း

(၂၈) မိုင်းနောင်-မုန်းဆန်းလမ်း

(၂၉) မင်းလှ-သရက်လမ်း (ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၃၀) ကျိုက်လတ်-ဖျာပုံလမ်း

(၃၁) နမ့်ဆန်-မန့်စံလမ်း

(၃၂) ဒိုက်ဦး-စစ်တောင်းလမ်း (ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၃၃) ငါးသိုင်းချောင်း-ဂွလမ်း

(၃၄) ကန့်ဘလူမြို့ရှောင်လမ်း

(၃၅) ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်း

(၃၆) ကိုးပင်-သာဂရလမ်း

(၃၇) ခန္တီး-ဖားလမုန်း-တာမခန်-ညောင်ပင်သာလမ်း

(၃၈) ကော့မှူး-ဝါးဘလောက်သောက်-သရက်တောလမ်း (ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၃၉) ပခုက္ကူတံတားချဉ်းကပ်လမ်း

(၄၀) ဖျာပုံ-ဘိုကလေးလမ်း

(၄၁) ဒေးဒရဲ-ဖျာပုံလမ်း

**ဧရာဝတီကွန်ယက်(၈)လမ်း**

(၄၂) မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း

(၄၃) ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း

(၄၄) မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း

(၄၅) လပွတ္တာ- သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း

(၄၆) ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း

(၄၇) ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်း

(၄၈) ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း

(၄၉) ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်း

(၅၀) အခြားလမ်းများ

**(ခ) လမ်းတိုးတက်ပြုပြင်ခြင်း**

(၁) မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း

(၂) မြစ်ကြီးနား-တနိုင်း-ပန်ဆောက်-လီဒိုလမ်း

(၃) မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း

(၄) ကလေး-ဂန့်ဂေါလမ်း

(၅) မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း

(၆) တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း (ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၇) တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်လမ်း

(၈) လွိုင်ကော်-ပွန်ချောင်း-ရှားတောလမ်း

(၉) ဘော်လခဲ-ရွာသစ်-စွပ်ပိုင်လမ်း

(၁၀) အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်း

(၁၁) ဖားဆောင်း-မယ်ဆဲနန်-မယ်စဲ-နန်းမန်း-ဘီပီ၁၃လမ်း

(၁၂) မုဒုံ-မြဝတီလမ်း

(၁၃) ဖာပွန်-ကမမောင်းလမ်း

(၁၄) ဝါးဘိုးတော-ကမာမောင်းလမ်း

(၁၅) သံဖြူဇရပ်-ဘုရားသုံးဆူလမ်း

(၁၆) ခေါပုတ်-ပန်ဟိုက်-ကျောက်ညှပ်လမ်း

(၁၇) ဘားအံ-ကော့ကရိတ်-မြဝတီလမ်း

(၁၈) ကလေး-ဖလမ်း-ဟားခါးလမ်း (ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ ချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၁၉) ဆိတ်ဖြူ-ဆော-ကန်ပက်လက်လမ်း

(၂၀) သိုင်းငင်-တီးတိန်လမ်း (ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ ချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၂၁) ကန်ပက်လက်-မင်းတပ်လမ်း

(၂၂) ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်း

(၂၃) ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်း

(၂၄) ခန္တီး-ဆင်သေ-လဟယ်လမ်း

(၂၅) ရေဦး-ကလေးဝလမ်း

(၂၆) စပါယ်နံ့သာ-ကန့်ဘလူ-ကျွန်းလှလမ်း

(၂၇) မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း

(၂၈) ဖရူဆို-မူဆို-ဟိုယာလမ်း (ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၂၉) ရွှေဘို-ကျောက်မြောင်းလမ်း

(၃၀) မုံရွာ-အရာတော်-ရွှေဘိုလမ်း

(၃၁) မုံရွာ-ယာကြီး-ကလေးဝလမ်း

(၃၂) မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း

(၃၃) ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်း (ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၃၄) ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း

(၃၅) တောင်ငူ-ကျောက်ကြီး-စစ်တောင်း-မုပ္ပလင်လမ်း

(၃၆) မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်လမ်း

(၃၇) ရန်ကုန်-ပြည်-မန္တလေးလမ်း

(၃၈) ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်း

(၃၉) မင်းလှ-ကနီ-မင်းဘူး-စလင်း-တညောင်လမ်း

(၄၀) ပခုက္ကူ-ပေါက်-ကျောက်ထု-ကံကြီး-မင်းတပ်လမ်း

(၄၁) စလင်း-စေတုတ္တရာလမ်း

(၄၂) ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကံပြား(မကွေး)လမ်း

(၄၃) ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်း

(၄၄) ဟန်မြင့်မိုရ်-မြို့ကြီး-ရှာင်-ပင်းတယ-အောင်ပန်းလမ်း (ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီချေးငွေဖြင့်ဆောင်ရွက်ပါမည်။)

(၄၅) မန္တလေး-မိုးကုတ်လမ်း (ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၄၆) ကျောက်မဲ-မိုင်းလုံ-မိုးကုတ်လမ်း

(၄၇) ပျဉ်းမနား-ပင်လောင်းလမ်း

(၄၈) မန္တလေး-မိုးကုတ်-မဘိမ်း-စီဦး-ဗန်းမော်လမ်း

(၄၉) သံတွဲ-ဂွလမ်း

(၅၀) တီးတိန်-ရိဒ်လမ်း

(၅၁) ရန်ကုန်-စစ်တွေလမ်း

(၅၂) ဘူးသီးတောင်-မောင်တောလမ်း

(၅၃)ဒလ-သခွပ်-ဘို့ဒင်-လက်ခုပ်ကုန်း-ကညင်ကုန်းလမ်း (ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီချေးငွေဖြင့်ဆောင်ရွက်ပါမည်။)

(၅၄) မိတ္ထီလာ-တောင်ကြီး- ကျိုင်းတုံ-တာချီလိတ်လမ်း

(၅၅) သိန္နီ-ကွမ်းလုံ-ဟိုပန်-မိုင်းမောလမ်း

(၅၆) မိုင်းပြင်း-မိုင်းပုအွန်-မိုင်းဆတ်လမ်း

(၅၇) မိုင်းပြင်း-မက်မန်းလမ်း

(၅၈) ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်း

(၅၉) ကျောက်တော်-ပလက်ဝလမ်း

(၆၀) ကွန်ဟိန်း-မိုင်းနောင်-ကျေးသီး-ပန်ကေတုလမ်း

(၆၁) လွိုင်လင်-ပန်ကေတု-သီပေါလမ်း

(၆၂) လဲချား-မိုင်းနောင်-မိုင်းရှူး-မိုင်းအွတ်-မိုင်းကောင်းလမ်း

(၆၃) လားရှိုး-မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်း

(၆၄) ရွှေညောင်-ညောင်ရွှေ-မိုင်းသောက်-နမ့်ပန်လမ်း

(၆၅) အောင်ပန်း-ပင်းတယ-ရပ်စောက်လမ်း

(၆၆) ခိုလမ်-ဝမ်ဆင်းလမ်း

(၆၇) သီပေါ-ပန်လုံ-နမ့်ဆန်လမ်း

(၆၈) ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-တောင်ခမ်း-နောင်ချိုလမ်း

(၆၉) ဟသ်ာတ-ဆုံကုန်း-မြန်အောင်လမ်း

(၇၀) လပွတ္တာ-မြောင်းမြ-အိမ်မဲ-ကျောင်းကုန်း-ကျုံပျော်လမ်း

(၇၁) ရတနာသိင်္ဃတံတားချဉ်းကပ်လမ်း

(၇၂) ကွတ်ခိုင်-တာမိုးညဲ-မုံးစီးလမ်း

(၇၃) ရန်ကုန်-မန္တလေးအမြန်လမ်း

(၇၄) တာပါး-တာရွှေထန်-လောက်ကိုင်လမ်း

(၇၅) ကျောက်မဲ-မိုင်းငေါ့-နမ့်ဆန်လမ်း

(၇၆) ဖာပွန်-ခေါပုတ်လမ်း

(၇၇) လင်းခေး-မိုင်းပန်-တာဆန်း-မိုင်းတုံ-မိုင်းဆတ်လမ်း

(၇၈) ကသာ-အင်းတော်-မံစီလမ်း

(၇၉) ပေါက်တော-မင်းပြားလမ်း

(၈၀) ကွမ်းခြံကုန်း-တော်ခရမ်း-အနောက်ဘို့ဒင်လမ်း

(၈၁) မိုင်းဆတ်-မိုင်းခုတ်-မိုင်းဖြတ်လမ်း

(၈၂) မိုင်းဖြတ်-မိုင်းယောင်းလမ်း

(၈၃) ကျိုင်းတုံ-မိုင်းမ-မိုင်းလားလမ်း

(၈၄) လားရှိုး-မန်စံ-နမ္မတူလမ်း

**ရောဝတီကွန်ယက်(၄)လမ်း**

(၈၅)ကြိမ်ပင်ဆယ်-စကြော့-ခနေဖြူ-ဇလွန်လမ်း(ဂျပန်အပြည်ပြည်ဆိုင်ရာ
ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၈၆) လပွတ္တာ-သဃ်န်းကြီး-ပြင်စလူ-ပုသိမ်လမ်း

(၈၇) ပုသိမ်-ငပုတောလမ်း

(၈၈) ကျုံကဒွန်း-စက်ဆန်း-ထော်ပိုင်-အမာလမ်း

(၈၉) ကျန်ပြည်ထောင်စုလမ်းများနှင့်အခြားလမ်းများ

**(ဂ) တံတားတည်ဆောက်ခြင်း**

**ပေ(၉၀၀)အထက်တံတားများ**

(၁) ဆင်ခုံတိုင်မြစ်ကူးတံတား

(၂) စွန်ရဲမြစ်ကူးတံတား

(၃) စက်ဆန်းချောင်းတံတား

(၄) ကျွဲခြံရေကျော်တံတား

(၅) ဘိုကလေးမြစ်ကူးတံတား

(၆) သက်ချောင်းတံတား

(၇) စစ်တောင်းမြစ်ကူးတံတား-၃

(၈) ရတနာသီဃ်တံတား

**ပေ(၉၀၀)အောက်တံတားများ**

(၁) နန့်မဟုတ်ကြီးချောင်းတံတား

(၂) မူးမြစ်ကူးတံတား

(၃) နံ့သာတံတား

(၄) ကြဲတံတား

(၅) ညောင်ပင်ကွင်းတံတား

(၆) ကလိန်အောင်တံတား

(၇) ကျောက်ကြီးမြို့လယ်တံတား

(၈) ထန်းပင်ကုန်းတံတား

(၉) မဒေါက်ကလေးတံတား

(၁၀) ဆားဖွက်ချောင်းတံတား

(၁၁) ဒုဋ္ဌဝတီတံတား

(၁၂) အမ်းချောင်းတံတား

(၁၃) စံမတီးချောင်းတံတား

(၁၄) မုန်းစမ်းကြိုးတံတား

(၁၅) နန့်ပန်ချောင်း(မိုင်းရှူး)ကြိုးတံတား

(၁၆) ဟိုင်းကြီးကျွန်းတံတား

(၁၇) ဘီလူးချောင်းတံတား

(၁၈) ကင်းချောင်းတံတား

(၁၉) လိပ်ချောင်းတံတား

(၂၀) အခြားတံတားများ

---

၈၈။ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းတံတားဦးစီးမှ လုပ်ငန်းစီမံကိန်းသစ်အချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**(က) လမ်းဖောက်လုပ်ခြင်း**

(၁) ကော့ကရိတ်-ကုဒုံ-အဖွန်း-လံဖား-ကျိုက်ဒုံ-အဇင်းလမ်း

(၂) ဓာသပြင်-ကျုံဖဲ-ကျားကလေးလမ်း (ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၃) ကျိုက်ဒုံ-စုကလိ-ဝေါလေလမ်း

(၄) လှိုင်းဘွဲ့-ရှမ်းရွာသစ်လမ်း

(၅) ပရိမ္မ-မကျီးဘုတ်လမ်း

(၆) ချောင်းမ-လင်းကတော-ပခုက္ကူလမ်း

(၇) တရနာဘုရားကုန်းလမ်း (ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၈) ငှက်ကြီးဒေါင့်-သောင်ခုံလမ်း

(၉) မကျီးကန်-ငှက်အော်စမ်း-ကျိုက်ထော်လမ်း (ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၁၀) ဆိပ်ကြီး-ခနောင်တိုကြိုးတံတားချဉ်းကပ်လမ်း

(၁၁) ပင်းတယ-သဲကုန်းလမ်း

(၁၂) လှိုင်ဆောင်-ဆိုက်ခေါင်လမ်း

(၁၃) ငွေဆောင်-ဘူးကွဲတောင်ပတ်လမ်း

(၁၄) တနင်္သာရီ-သဲဖြူ-မောတောင်လမ်း(တုံခါ-သဲဖြူအပိုင်း)

(၁၅) ပင်းတယ-ရွာင်ဖြတ်လမ်း

(၁၆) အခြားလမ်းများ

**(ခ) တံတားတည်ဆောက်ခြင်း**

**ပေ(၉၀၀)အထက်တံတားများ**

(၁) တဝမ်တံတား

(၂) သံလွင်တံတား(ဖားဆောင်း)

(၃) မဲခေါင်မြစ်ကူးတံတား(မြန်မာ-လာအိုချစ်ကြည်ရေးတံတား)

(၄) ဘုရင့်နောင်တံတားအမှတ်(၂)

(၅) အမှတ်(၁)ပေါက်(အုန်းတော)တံတား

(၆) အမှတ်(၂)ပေါက်(ရေပြာ)တံတား

**ပေ(၉၀၀)အောက်တံတားများ**

(၁) ပေါင်းနက်လယ်ပြင်(၁)တံတား

(၂) ငါးဘတ်ကြီးတံတား

(၃) ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိတံတားအမှတ်(၅/၁၇၉)ဆယ်မိုင်

(၄) နန့်စီးအောင်တံတား

(၅) ပွန်ချောင်းတံတား

(၆) သာယာကုန်းချောင်းတံတား

(၇) ဇာသပြင်-ကျုံဖေး-ကျားကလေးလမ်းပေါ်ရှိတံတားအမှတ်(၂/၃)

(၈)ဝါးဘိုးတော-ကမာမောင်းလမ်းပေါ်ရှိတံတားအမှတ်၃/၂၁

(၉) ထိုးလုံးတံတား

(၁၀) ဖားပန့်တံတား

(၁၁) ဝါးရဲချောင်းတံတား

(၁၂) ကလေးဝ-ကျီကုန်း-တမူးလမ်းပေါ်ရှိတံတားအမှတ်(၃/၁၂)

(၁၃) ငမောက်တံတား

(၁၄) ခြသေ့ချောင်းတံတား

(၁၅) နန်ထိန်ကွင်းတံတား

(၁၆) ချောင်းမွန်(၄)တံတား

(၁၇) ပိတောက်ငယ်တံတား

(၁၈) ရေဖြူတံတား

(၁၉) ပန်မွန်ချောင်းတံတား

(၂၀) လောင်ထောင်ချောင်းတံတား(၂/၁၀၆)

(၂၁) ရွှေဥဒေါင်းတံတား

(၂၂) ရုံးပင်ချောင်းတံတား

(၂၃) သဲတန်းတံတား

(၂၄) ဘူးသီးတောင်-မောင်းတောလမ်းပေါ်ရှိတံတားအမှတ်(၁၁/၆)

(၂၅) နောင်လုံ(၁)တံတား

(၂၆) နမ့်မွေတံတား

(၂၇) နမ်မောင်းတံတား

(၂၈) ဝမ်တာပုံတံတား

(၂၉) ကောင်းငင်းတံတား(၃/၂၀၇)

(၃၀) ဟိုခိုတံတား

(၃၁) ရန်ကုန်-ကျောက်ဖြူလမ်းပေါ်ရှိတံတား(၆)စင်း

(၃၂) ကျွဲကိုင်းတံတား

(၃၃) လှိုင်းဘွဲ့-ရွှေဂူနှန်းလမ်းပေါ်ရှိတံတားအမှတ်၁/၁(ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၃၄) လှိုင်းဘွဲ့-ရွှေဂူနှန်းလမ်းပေါ်ရှိတံတားအမှတ်၂/၁(ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၃၅)သမရိုးတံတား (ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ ချေးငွေဖြင့် ဆောင်ရွက်ပါမည်။)

(၃၆)မုံရွာ-အရာတော်-ရွှေဘိုလမ်းပေါ်ရှိ တံတား(၁၁)စင်း (ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီချေးငွေဖြင့်ဆောင်ရွက်ပါမည်။)

(၃၇)မုံရွာ-အရာတော်-ရွှေဘိုလမ်းပေါ်ရှိ တံတား(၇)စင်း

(၃၈) အခြားတံတားများ

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

၈၉။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဆောင်ရွက်မည့်လုပ်ငန်း စီမံကိန်းသစ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရွှေဝဏ်အိမ်ရာစီမံကိန်း(ဒဂုံဆိပ်ကမ်း)

(ခ) ရတနာအိမ်ရာစီမံကိန်း(ဒဂုံဆိပ်ကမ်း)

## ပို့ဆောင်ရေးကဏ္ဍ

### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်း ရည်မှန်းချက်များ

၉၀။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပို့ဆောင်ရေးကဏ္ဍ ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၆၂၀၅၈၅၄.၁ သန်း ဖြစ်ပေါ်ရန် နှင့် ၅.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၉၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ပို့ဆောင်ရေးကဏ္ဍ အနေဖြင့် ပြည်တွင်း၊ ပြည်ပပို့ဆောင်မှု၊ ကမ်းရိုးတန်းနှင့် ပင်လယ်ရေကြောင်းမှ ပို့ဆောင်မှု၊ နိုင်ငံပိုင် ပို့ဆောင်ရေး အဖွဲ့အစည်းများ ၏ ပို့ဆောင်မှု ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

**(က) ပြည်တွင်း၊ပြည်ပပို့ဆောင်သည့်ခရီးသည်နှင့်ကုန်တန်ချိန်ရည်မှန်းချက်များ**

- မြန်မာ့မီးရထားတွင် ခရီးသည်မိုင် ၃၂၁၇.၃ သန်း၊ ကုန်တန်မိုင် ၇၃၅.၆ သန်း၊
- ကုန်းလမ်းပို့ဆောင်ရေးတွင် ခရီးသည်မိုင် ၁၄၁၅.၆ သန်း၊ ကုန်တန်မိုင် ၃၂၃.၈ သန်း၊
- ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးတွင် ခရီးသည်မိုင် ၂၂၈.၀ သန်း၊ ကုန်တန်မိုင် ၃၃၇.၃သန်း၊
- မြန်မာ့လေကြောင်းတွင် ခရီးသည်မိုင်၁၃၅.၈သန်း၊ ကုန်တန်မိုင် ၀.၂ သန်း၊
- သမဝါယမမော်တော်ယာဉ်ဖြင့် ပို့ဆောင်မှုတွင် ခရီးသည်မိုင် ၂၅၁.၅ သန်း၊ ကုန်တန်မိုင် မက်ထရစ်တန်မိုင် ၂၀၃.၁ သန်း၊
- ရေယာဉ်ဖြင့် ပို့ဆောင်မှုတွင် ခရီးသည်မိုင် ၈၄.၃ သန်း၊ ကုန်တန်မိုင် မက်ထရစ်တန်မိုင် ၁၃၄.၁ သန်း၊
- ပုဂ္ဂလိကမှတ်ပုံတင်ပြီး မော်တော်ယာဉ် ၄၈၃၇၄၅ စီး၊ မှတ်ပုံတင်ပြီး ရေယာဉ် ၁၀၀၁၁ စီး၊

**(ခ) ကမ်းရိုးတန်းနှင့် ပင်လယ်ရေကြောင်းမှ ပို့ဆောင်ရန် ရည်မှန်းချက်များ**

- မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ဆိပ်ကမ်းများ၏ ကမ်းရိုးတန်းပို့ကုန် မက်ထရစ်တန် ထောင်ပေါင်း ၁၅၅၅၊
- ဆိပ်ကမ်းများ၏ ပင်လယ်ရေကြောင်းပို့ကုန် မက်ထရစ်တန်ထောင်ပေါင်း ၈၈၈၀၊
- ဆိပ်ကမ်းများ၏ ကမ်းရိုးတန်းသွင်းကုန် မက်ထရစ်တန်ထောင်ပေါင်း ၁၁၅၂၊

- ဆိပ်ကမ်းများ၏ ပင်လယ်ရေကြောင်းသွင်းကုန် မက်ထရစ်တန် ထောင်ပေါင်း ၁၄၄၀၅၊

(ဂ) **နိုင်ငံပိုင် ပို့ဆောင်ရေးအဖွဲ့အစည်းများ ၏ ပို့ဆောင်မှု အင်အား၊ အဆောက်အအုံနှင့် ပစ္စည်းကိရိယာများရည်မှန်းချက်များ**

- မြန်မာ့မီးရထားတွင် ရေနွေးငွေ့စက်ခေါင်း ၁၉လုံး ၊ ဒီဇယ်စက်ခေါင်း ၃၈၁ လုံး၊ လူစီးတွဲ ၉၂၉ တွဲ၊ ကုန်တွဲ ၁၄၃၄ တွဲ ၊ ဘူတာရုံ ၉၆၂ရုံ၊ သံလမ်းမိုင် ၄၉၅၁ မိုင်၊
- ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ စက်တပ်တွင် လူစီးကုန်တင် ၁၃၈စီး ၊ ကုန်တင် ၂၇စီး၊ ကုန်တင်တွဲဆွဲ ၃၀စီး၊ ရေတင် ၁ စီး၊ ဆီတင် ၁စီး၊ တွဲဆွဲ ၂၂ စီး၊ အထွေထွေသုံး ၆ စီး၊
- ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ စက်မဲ့တွင် ကုန်တင်တွဲ ၁၄၂ စီး၊ ဆီတင်တွဲ ၁၁ စီး ၊ ဆိပ်ခံတွဲ ၃၄စီး၊
- ကုန်းလမ်းပို့ဆောင်ရေးတွင် ခရီးသည်ပို့ဆောင်ရေးယာဉ် ၃၅၂စီး၊ ကုန်စည်ပို့ဆောင်ရေးယာဉ် ၁၃၅၇ စီး၊
- မြန်မာ့လေကြောင်း တွင် ဖော်ကာအက်(ဖ်)-၂၈ (၁) စီး ၊ အေတီအာ-၇၂ (၂) စီး၊ အေတီအာ-၄၂(၁)စီး၊ အမ်အေ-၆၀(၃)စီး၊ ဘိချ်-၁၉၀၀ ဒီ(၂)စီး၊ အမ်ဘရာ (၄ားရမ်း) (၂) စီး၊
- မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ဖော ၂၈၈ ခု၊ ပင်လယ်ကူး သင်္ဘော ဆိပ်ခံ ၂၆ ခု၊ ပြည်တွင်းသင်္ဘောဆိပ်ခံ ၉၁ခု ၊ သိုလှောင်ရုံ ၁၄၅ရုံ၊ ရွှေ့နိုင်သောဝန်ချီစက် ၁၁ခု ၊ ခက်ရင်းခွဝန်မြှောက်ယာဉ် ၄၉စီး၊ သင်္ဘောကြီး ၁၈ စီး၊ မော်တော်အငယ် ၂၈စီး ၊ ဆွဲသင်္ဘော ၁၁ စီး၊
- မိုးလေဝသ နှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အချိန်ပိုင်းစခန်းများ) တွင် မိုးရေချိန်စခန်း ၁၉၁ခု၊ရာသီဥတုစခန်း ၁၀ခု၊ အချိန်ပိုင်းဇလဗေဒစခန်း ၁ ခု
- မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အခြေခံ တိုင်းထွာရေးစခန်းများ) တွင် မိုးလေဝသစခန်း ၆၅ခု၊ မိုးလေဝသနှင့် ဇလဗေဒစခန်း ၄၂ခု၊ ဇလဗေဒ စခန်း ၃၀ခု၊ စိုက်ပျိုးရေးမိုးလေဝသစခန်း ၁၈ခု၊ မြေငလျင်စခန်း ၁၄ခု၊

- မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထူးတိုင်းထွာရေးစခန်းများ) တွင် မိုးလေဝသ အထက်လေကြောင်းစခန်း ၁၅ခု ၊ မိုးလေဝသ ရေဒီယို ဆောင်း/ရေဒီယိုဝင်းစခန်း ၄ ခု၊ မိုးလေဝသ မုန်တိုင်းပြရေဒါစခန်း ၁ ခု၊ မိုးလေဝသ ဂြိုဟ်တုတိမ်ပုံဖမ်း စခန်း ၂ခု ၊ ဇလဗေဒ အလိုအလျောက်စက် စခန်း ၄ ခု၊ ဇလဗေဒ ရေထုထည်စီးနှုန်း စခန်း ၁၇ ခု၊ ဇလဗေဒသဲနုံး စီးနှုန်းစခန်း ၁၇ခု ၊ ဇလဗေဒ/ စိုက် မိုးရေငွေ့ပျံနှုန်း စခန်း ၄၂ ခု၊

၉၂။ ပို့ဆောင်ရေးကဏ္ဍနှင့်ပတ်သက်၍ ရည်မှန်းချက်များကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## ပြည်တွင်း၊ပြည်ပပို့ဆောင်သည့်ခရီးသည်နှင့်ကုန်တန်ချိန်ရည်မှန်းချက်

| အမှတ်စဉ် | | | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) အရေအတွက် | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) ပြောင်းလဲမှုနှုန်း(%) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) အရေအတွက် | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) ပြောင်းလဲမှုနှုန်း(%) |
|---|---|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | | နိုင်ငံပိုင် | | | | | |
| | ၁ | | မြန်မာ့မီးရထား | | | | | |
| | | ၁ | ခရီးသည်မိုင် | ခရီးသည်မိုင်(သန်းပေါင်း) | ၃၄၃၉.၇ | ၁.၈ | ၃၂၁၇.၃ | -၆.၅ |
| | | ၂ | ကုန်တန်မိုင် | တန်မိုင်(သန်းပေါင်း) | ၇၅၅.၈ | ၁.၉ | ၇၃၅.၆ | -၂.၇ |
| | ၂ | | ကုန်းလမ်းပို့ဆောင်ရေး | | | | | |
| | | ၁ | ခရီးသည်မိုင် | ခရီးသည်မိုင်(သန်းပေါင်း) | ၁၄၀၈.၆ | ၀.၅ | ၁၄၁၅.၆ | ၀.၅ |
| | | ၂ | ကုန်တန်မိုင် | တန်မိုင်(သန်းပေါင်း) | ၃၂၀.၆ | ၁.၀ | ၃၂၃.၈ | ၁.၀ |
| | ၃ | | ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | | | | | |
| | | ၁ | ခရီးသည်မိုင် | ခရီးသည်မိုင်(သန်းပေါင်း) | ၄၂၇.၉ | ၁၁.၃ | ၂၂၈.၀ | -၄၆.၇ |
| | | ၂ | ကုန်တန်မိုင် | တန်မိုင်(သန်းပေါင်း) | ၆၀၉.၁ | ၃.၃ | ၃၃၇.၃ | -၄၄.၆ |
| | ၄ | | မြန်မာ့လေကြောင်း | | | | | |
| | | ၁ | ခရီးသည်မိုင် | ခရီးသည်မိုင်(သန်းပေါင်း) | ၁၀၉.၁ | ၁.၉ | ၁၃၅.၈ | ၂၄.၅ |
| | | ၂ | ကုန်တန်မိုင် | တန်မိုင်(သန်းပေါင်း) | ၀.၂ | ၅.၀ | ၀.၂ | ၀.၀ |
| ၂ | | | သမဝါယမပိုင် | | | | | |
| | ၁ | | မော်တော်ယာဉ်ဖြင့်ပို့ဆောင်မှု | | | | | |
| | | ၁ | ခရီးသည်မိုင် | ခရီးသည်မိုင်(သန်းပေါင်း) | ၂၄၈.၆ | ၂.၉ | ၂၅၁.၅ | ၁.၂ |
| | | ၂ | ကုန်တန်မိုင် | မက်ထရစ်တန်မိုင်(သန်းပေါင်း) | ၂၀၁.၈ | ၁၀.၃ | ၂၀၃.၁ | ၀.၆ |
| | ၂ | | ရေယာဉ်ဖြင့်ပို့ဆောင်မှု | | | | | |
| | | ၁ | ခရီးသည်မိုင် | ခရီးသည်မိုင်(သန်းပေါင်း) | ၆၅.၄ | ၄.၅ | ၈၄.၃ | ၂၈.၉ |
| | | ၂ | ကုန်တန်မိုင် | မက်ထရစ်တန်မိုင်(သန်းပေါင်း) | ၁၀၈.၅ | ၅.၀ | ၁၃၄.၁ | ၂၃.၆ |
| ၃ | | | ပုဂ္ဂလိကပိုင် | | | | | |
| | | ၁ | မှတ်ပုံတင်ပြီးမော်တော်ယာဉ် | စီးရေ | ၄၅၁၃၃၁ | ၆.၆ | ၄၈၃၇၄၅ | ၇.၂ |
| | | ၂ | မှတ်ပုံတင်ပြီးရေယာဉ် | ။ | ၉၆၁၈ | ၁.၇ | ၁၀၀၁၁ | ၄.၁ |

ဇာစ်မြစ် ။ ။ မြန်မာ့မီးရထား၊ကုန်းလမ်းပို့ဆောင်ရေး၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊မြန်မာ့လေကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊
သမဝါယမဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာန

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

## ကမ်းရိုးတန်းနှင့် ပင်လယ်ရေကြောင်းမှ ပို့ဆောင်ရန်ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | **မြန်မာ့ဆိပ်ကမ်းအာဏာပိုင်** | | | |
| ၁ | ရန်ကုန်ဆိပ်ကမ်း | | | |
| | ၁ ပို့ကုန် | | | |
| | -ကမ်းရိုးတန်း | မက်ထရစ်တန်ထောင်ပေါင်း | ၅၀၀ | ၅၂၅ |
| | -ပင်လယ်ရေကြောင်း | ״ | ၆၈၆၀ | ၇၂၀၅ |
| | ၂ သွင်းကုန် | | | |
| | -ကမ်းရိုးတန်း | ״ | ၆၂၀ | ၆၂၅ |
| | -ပင်လယ်ရေကြောင်း | ״ | ၁၁၄၇၀ | ၁၃၈၅၀ |
| ၂ | ပြင်ပဆိပ်ကမ်း | | | |
| | ၁ ပို့ကုန် | | | |
| | -ကမ်းရိုးတန်း | ״ | ၉၇၉ | ၁၀၃၀ |
| | -ပင်လယ်ရေကြောင်း | ״ | ၁၆၄၆ | ၁၆၇၅ |
| | ၂ သွင်းကုန် | | | |
| | -ကမ်းရိုးတန်း | ״ | ၄၈၉ | ၅၂၇ |
| | -ပင်လယ်ရေကြောင်း | ״ | ၄၅၇ | ၅၅၅ |
| ၃ | ပေါင်း(၁+၂) | | | |
| | ၁ ပို့ကုန် | | | |
| | -ကမ်းရိုးတန်း | ״ | ၁၄၇၉ | ၁၅၅၅ |
| | -ပင်လယ်ရေကြောင်း | ״ | ၈၅၀၆ | ၈၈၈၀ |
| | ၂ သွင်းကုန် | | | |
| | -ကမ်းရိုးတန်း | ״ | ၁၁၀၉ | ၁၁၅၂ |
| | -ပင်လယ်ရေကြောင်း | ״ | ၁၁၉၂၇ | ၁၄၄၀၅ |

ဓာတ်မြစ်။ ။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ပို့ဆောင်ရေးဝန်ကြီးဌာန၊

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## နိုင်ငံပိုင်ပို့ဆောင်ရေးအဖွဲ့အစည်းများ၏ ပို့ဆောင်မှုအင်အား၊အဆောက်အအုံနှင့် ပစ္စည်းကိရိယာများရည်မှန်းချက်

(နှစ်ကုန်တွင်ရှိမည့် အခြေအနေ)

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| **၁** | **မြန်မာ့မီးရထား** | | | |
| ၁ | ရေနွေးငွေ့စက်ခေါင်း | လုံးရေ | | ၁၉ |
| ၂ | ဒီဇယ်စက်ခေါင်း | ။ | ၃၈၁ | ၃၈၁ |
| ၃ | လူစီးတွဲ | တွဲ | ၈၅၀ | ၉၂၉ |
| ၄ | ကုန်တွဲ | ။ | ၁၆၉၃ | ၁၄၃၄ |
| ၅ | ဘူတာရုံ | ဦးရေ | ၉၄၃ | ၉၆၂ |
| ၆ | သံလမ်းမိုင် | မိုင် | ၄၅၂၈ | ၄၉၅၁ |
| **၂** | **ပြည်တွင်းရေကြောင်းပို့ဆောင်ရေး** | | | |
| ၁ | စက်တပ် | | | |
| ၁ | လူစီး၊ကုန်တင် | စီးရေ | ၁၄၁ | ၁၃၈ |
| ၂ | ကုန်တင် | ။ | ၂၈ | ၂၇ |
| ၃ | ကုန်တင်တွဲဆွဲ | ။ | ၃၀ | ၃၀ |
| ၄ | ရေတင် | ။ | ၂ | ၁ |
| ၅ | ဆီတင် | ။ | ၁ | ၁ |
| ၆ | တွဲဆွဲ | ။ | ၂၂ | ၂၂ |
| ၇ | အထွေထွေသုံး | ။ | ၅ | ၆ |
| ၂ | စက်မဲ့ | | | |
| ၁ | ကုန်တင်တွဲ | စီးရေ | ၁၄၁ | ၁၄၂ |
| ၂ | ဆီတင်တွဲ | ။ | ၁၁ | ၁၁ |
| ၃ | ဆိပ်ခံတွဲ | ။ | ၃၉ | ၃၄ |
| **၃** | **ကုန်းလမ်းပို့ဆောင်ရေး** | | | |
| ၁ | ခရီးသည်ပို့ဆောင်ရေးယာဉ် | စီးရေ | ၃၇၂ | ၃၅၂ |
| ၂ | ကုန်စည်ပို့ဆောင်ရေးယာဉ် | ။ | ၁၅၂၀ | ၁၃၅၇ |

ဇာစ်မြစ်။ ။မြန်မာ့မီးရထား၊ကုန်းလမ်းပို့ဆောင်ရေး၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ပို့ဆောင်ရေးဝန်ကြီးဌာန၊

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နိုင်ငံပိုင်ပို့ဆောင်ရေးအဖွဲ့အစည်းများ၏ ပို့ဆောင်မှုအင်အား၊အဆောက်အအုံနှင့် ပစ္စည်းကိရိယာများရည်မှန်းချက်

(နှစ်ကုန်တွင်ရှိမည့် အခြေအနေ)

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၄ | **မြန်မာ့လေကြောင်း** | | | |
| ၁ | ဖော်ကာအက်(ဖ်)-28 | စီးရေ | ၃ | ၁ |
| ၂ | ATR-72 | ။ | ၂ | ၂ |
| ၃ | ATR-42 | ။ | ၁ | ၁ |
| ၄ | MA-60 | ။ | ၃ | ၃ |
| ၅ | Beech - 1900 D | ။ | ၂ | ၂ |
| ၆ | Embera(ငှားရမ်း) | ။ | | ၂ |
| ၅ | **မြန်မာ့ဆိပ်ကမ်းအာဏာပိုင်** | | | |
| ၁ | ဖောများ | ဦးရေ | ၂၉၈ | ၂၈၈ |
| ၂ | ပင်လယ်ကူးသင်္ဘောဆိပ်ခံ | ။ | ၂၅ | ၂၆ |
| ၃ | ပြည်တွင်းသင်္ဘောဆိပ်ခံ | ။ | ၉၄ | ၉၁ |
| ၄ | သိုလှောင်ရုံ | ။ | ၁၂၂ | ၁၄၅ |
| ၅ | ရွှေ့နိုင်သောဝန်ချီစက် | ။ | ၁၂ | ၁၁ |
| ၆ | ခက်ရင်းခွဝန်မြှောက်ယာဉ် | ။ | ၆၉ | ၄၉ |
| ၇ | သင်္ဘောကြီး* | စီးရေ | ၁၇ | ၁၈ |
| ၈ | မော်တော်အငယ်** | ။ | ၂၈ | ၂၈ |
| ၉ | ဆွဲသင်္ဘော | ။ | ၁၁ | ၁၁ |

* စက်တပ်ကျောက်ဆူးသိမ်းရေယာဉ်များအပါအဝင်ဖြစ်ပါသည်။

** ရေကြောင်းပြပို့ဆောင်ရေးယာဉ်ငယ်များနှင့် နှစ်ခြမ်းစပ်စက်ပါ မြေခံရေယာဉ်များအပါအဝင် ဖြစ်ပါသည်။

ဇာစ်မြစ်။ ။မြန်မာ့လေကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ပို့ဆောင်ရေးဝန်ကြီးဌာန၊

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## နိုင်ငံပိုင်ပို့ဆောင်ရေးအဖွဲ့အစည်းများ၏ ပို့ဆောင်မှုအင်အား၊ အဆောက်အအုံနှင့် ပစ္စည်းကိရိယာများရည်မှန်းချက်

(နှစ်ကုန်တွင်ရှိမည့် အခြေအနေ)

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | **မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန** | | | |
| ၁ | အချိန်ပိုင်းစခန်းများ | | | |
| | ၁ မိုးရေချိန်စခန်း | | ၁၈၈ | ၁၉၁ |
| | ၂ ရာသီဥတုစခန်း | | ၁၀ | ၁၀ |
| | ၃ အချိန်ပိုင်းဇလဗေဒစခန်း | | ၁ | ၁ |
| ၂ | အခြေခံတိုင်းထွာရေးစခန်းများ | | | |
| | ၁ မိုးလေဝသစခန်း | | ၄၅ | ၆၅ |
| | ၂ မိုးလေဝသနှင့်ဇလဗေဒစခန်း | | ၄၂ | ၄၂ |
| | ၃ ဇလဗေဒစခန်း | | ၁၈ | ၃၀ |
| | ၄ စိုက်ပျိုးရေးမိုးလေဝသစခန်း | | ၁၈ | ၁၈ |
| | ၅ မြေငလျင်စခန်း | | ၁၄ | ၁၄ |
| ၃ | အထူးတိုင်းထွာရေးစခန်းများ | | | |
| | ၁ မိုးလေဝသအထက်လေကြောင်းစခန်း | | ၁၅ | ၁၅ |
| | ၂ မိုးလေဝသရေဒီယိုဆောင်း/ရေဒီယိုဝင်းစခန်း | | ၃ | ၄ |
| | ၃ မိုးလေဝသမုန်တိုင်းပြရေဒါစခန်း | | | ၁ |
| | ၄ မိုးလေဝသဂြိုဟ်တုတိမ်ပုံဖမ်းစခန်း | | ၁ | ၂ |
| | ၅ ဇလဗေဒအလိုအလျောက်စက်စခန်း | | ၄ | ၄ |
| | ၆ ဇလဗေဒရေထုထည်စီးနှုန်းစခန်း | | ၁၇ | ၁၇ |
| | ၇ ဇလဗေဒသဲနုံးစီးနှုန်းစခန်း | | ၁၇ | ၁၇ |
| | ၈ ဇလဗေဒ/စိုက်မိုးရေငွေ့ပျံနှုန်းစခန်း | | ၄၂ | ၄၂ |

ဓာတ်မြစ်။ ။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊

## ဆက်သွယ်ရေးကဏ္ဍ

### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်များ

၉၃။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆက်သွယ်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ် ၁၅၄၇၇၂၅.၁ သန်း ဖြစ်ပေါ်ရန်နှင့် ၅၇.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၉၄။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို နိုင်ငံတော် ဘတ်ဂျက်ငွေကို မှီခိုအသုံးပြုခြင်း မရှိတော့သည့်ကော်ပိုရေးရှင်းအဖွဲ့အစည်းအဖြစ် ပြောင်းလဲဆောင်ရွက်ပြီး ဆက်သွယ်ရေးကော်ပိုရေးရှင်း၏ ကိုယ်ပိုင်ရန်ပုံငွေများ၊ နိုင်ငံတကာ အဖွဲ့အစည်းများထံမှ ချေးငွေနှင့်အထောက်အပံ့များ၊ နည်းပညာများ ရယူလျက် လုပ်ငန်းဆောင်ရွက်မည်ဖြစ်ရာ ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေးလုပ်ငန်းများ၏ ဝင်ငွေလျာထားချက်မှာ စာတိုက်ဝန်ဆောင်မှုတန်ဖိုး ကျပ် ၃၀၀၃.၀ သန်း၊ ကြေးနန်း ဝန်ဆောင်မှုတန်ဖိုး ကျပ် ၁၆၂.၁ သန်းနှင့် အခြားဝင်ငွေ ကျပ် ၉၅၀.၀ သန်း ၊ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ကျပ် ၆၄၁၅၇၃.၅ သန်း ရည်မှန်းထားပါသည်။

၉၅။ မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက တယ်လီဖုန်းသုံးစွဲမှုနည်းပါးနေသဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းသိပ်သည်းဆ ၂၇ ရာခိုင်နှုန်းအထိတိုးတက်ရရှိအောင်ဆောင်ရွက်ရန်ရည်မှန်းထားရာ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင်အသစ်တပ်ဆင်မည့်တယ်လီဖုန်းမှာအော်တိုတယ်လီဖုန်း ၁၈၀၀၀ လုံး၊မိုဘိုင်း( GSM + CDMA ) ( ၀.၅ သိန်း) ဖြင့် ၂၁၈၄၀၀၀ လုံး အသစ်တပ်ဆင်ရန်ရည်မှန်းထား ပါသည်။

၉၆။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန အနေဖြင့် လုပ်ငန်းစီမံကိန်းသစ် (၃) ခုဖြစ်သည့် ဖိုင်ဘာဆက်ကြောင်း နှင့် မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်း၊ GSM / UMTS မိုဘိုင်းတိုးချဲ့တပ်ဆင်ခြင်းစီမံကိန်း နှင့် Sea Me We 5 ရေအောက်ကေဘယ်လ်စနစ် စီမံကိန်း တို့ကို နိုင်ငံတော်တော်ဘတ်ဂျက်အပြင် နိုင်ငံပိုင်နိုင်ငံခြားငွေ နှင့် Exin Bank of China , Exin Bank of India နှင့် Exin Bank of Korea တို့မှ ချေးငွေများဖြင့်ဆောင်ရွက်ရန် ရည်မှန်းထားပြီး ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်း( ၂ ) ခုဖြစ်သည့် International Gate Way တိုးချဲ့ခြင်းစီမံကိန်းနှင့် ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း တို့ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

၉၇။ ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ ရည်မှန်းချက်များကို တစ်ဖက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည်-

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

## ဆက်သွယ်ရေးလုပ်ငန်းများ၏ ဝင်ငွေလျာထားချက်

(တန်ဖိုး-ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး | ပြောင်းလဲမှုနှုန်း(%) | တန်ဖိုး | ပြောင်းလဲမှုနှုန်း(%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | စာတိုက်ဝန်ဆောင်မှုလုပ်ငန်းဝင်ငွေ | ၇၇၂.၀ | ၃.၁ | ၃၀၀၃.၀ | ၂၈၉.၀ |
| ၂ | တယ်လီဖုန်းဝန်ဆောင်မှုလုပ်ငန်းဝင်ငွေ | ၉၁၃၇၃၂.၉ | ၁၁၈.၉ | ၆၃၇၄၅၈.၄ | -၃၀.၂ |
| | -တပ်ဆင်ခ | ၃၁၈၅၇၀.၉ | ၂၃၄.၄ | ၁၁၄၆၀၀.၀ | -၆၄.၀ |
| | -သုံးစွဲခ | ၅၉၅၁၆၂.၀ | ၈၄.၇ | ၅၂၂၈၅၈.၄ | -၁၂.၁ |
| ၃ | ကြေးနန်းဝန်ဆောင်မှုလုပ်ငန်းဝင်ငွေ | ၅၅၈.၁ | ၀.၇ | ၁၆၂.၁ | -၇၁.၀ |
| ၄ | အခြားဝင်ငွေ | ၉၃၀.၀ | ၂.၂ | ၉၅၀.၀ | ၂.၂ |
| | **စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး** | **၉၁၅၉၉၃.၀** | **၁၁၈.၃** | **၆၄၁၅၇၃.၅** | **-၃၀.၀** |

ဇာစ်မြစ်။ ။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
# အသစ်တပ်ဆင်မည့်တယ်လီဖုန်းလျာထားချက်

(လုံးရေ)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | အရေအတွက် | ပြောင်းလဲမှုနှုန်း(%) | အရေအတွက် | ပြောင်းလဲမှုနှုန်း(%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | အော်တိုတယ်လီဖုန်း | ၃၃၆၆၄ | -၅.၄ | ၁၈၀၀၀ | -၄၆.၅ |
| ၂ | GSM စီမံကိန်း (၂.၈၅)သိန်း | ၈၇၄၁၇၃ | | | |
| ၃ | Mobile(GSM+CDMA) (၃)သိန်း | ၁၅၈၅၀၀ | | | |
| ၄ | Mobile(GSM+CDMA) (၀.၅)သိန်း | | | ၂၁၈၄၀၀၀ | |
| | စုစုပေါင်း | ၁၀၆၆၃၃၇ | ၄၉၂.၅ | ၂၂၀၂၀၀၀ | ၁၀၆.၅ |

ဇာစ်မြစ်။ ။မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
# ဆက်သွယ်ရေးလုပ်ငန်းများအခြေအနေရည်မှန်းချက်

(ဦးရေ)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | **စာတိုက်များ** | **၁၃၉၆** | **၁၃၉၃** |
| | ၁ လုပ်ငန်းပြည့်စာတိုက် | ၈၁၅ | ၇၉၈ |
| | ၂ ကန့်သတ်စာဝေစာတိုက် | ၂၀၂ | ၂၁၁ |
| | ၃ စာမဝေစာတိုက် | ၃၇၉ | ၃၈၄ |
| ၂ | **တယ်လီဖုန်းများ (တိုက်ရိုက်အိတ်ချိန်းလိုင်း)** | **၆၁၂၀၈၄၃** | **၇၇၄၃၄၅၆** |
| ၃ | **တယ်လီဖုန်းများ (လုံးရေစုစုပေါင်း)** | **၆၁၆၁၅၃၁** | **၇၇၈၄၈၆၆** |
| ၄ | **အပြည်ပြည်ဆိုင်ရာတယ်လီဖုန်းချယ်နယ်များ** | **၂၀၀၀၀** | **၁၂၀၀၀** |
| ၅ | **တယ်လီဖုန်းအိတ်ချိန်းများ** | **၉၁၉** | **၉၃၁** |
| | ၁ အော်တို | ၄၂၄ | ၄၃၆ |
| | ၂ လက်သုံး | ၄၉၅ | ၄၉၅ |
| ၆ | **ကြေးနန်းရုံးများ** | **၅၅၃** | **၅၆၂** |
| | ၁ ဆက်သွယ်ရေးကြေးနန်းရုံး | ၂၇၆ | ၂၉၇ |
| | ၂ စာတိုက်နှင့်ကြေးနန်းရုံး | ၁၇၆ | ၁၇၂ |
| | ၃ ရေဒီယိုကြေးနန်းရုံး | ၁၀၁ | ၉၃ |

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## ဆက်သွယ်ရေးလုပ်ငန်းများအခြေအနေရည်မှန်းချက်

(ဦးရေ)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၇ | **အဝေးဆက်သွယ်ရေး** | | |
| | ၁ မိုက္ကရိုဝေ့ဗ်စခန်းများ | ၃၅၄ | ၃၆၄ |
| | ၂ ဖိုင်ဘာဆက်ကြောင်း | ၂၈၀ | ၂၉၆ |
| | ၃ ဖိုင်ဘာဆက်ကြောင်း(ကီလိုမီတာ) | ၃၉၃၀ | ၅၂၂၂ |
| ၈ | **ပြည်ပဆက်သွယ်ရေး** | | |
| | ၁ V-Sat | ၁၁ | ၁၁ |
| | ၂ MPT Satellite Terminal | ၂၀၃၃ | ၂၀၈၃ |
| ၉ | **မိုဘိုင်းဆက်သွယ်ရေးစခန်းများ** | ၂၅၅၇ | ၄၈၂၈ |
| ၁၀ | **Internet/ Internet E-mail Line** | ၁၀၀၆၂ | ၂၀၂၅၂၆၂ |
| ၁၁ | **အလိုအလျောက်တယ်လီဖုန်း တပ်ဆင်ပြီးသည့်မြို့** | ၃၁၂ | ၃၃၈ |

ဇာစ်မြစ်။ ။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

## ငွေရေးကြေးရေးကဏ္ဍ

၉၈။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကဏ္ဍ တိုးတက်မှုတွင် အရေးပါသည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရန်အတွက် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် မရှိမဖြစ် လိုအပ်ပါသည်။ စဉ်ဆက်မပြတ်သော စီးပွားရေး တိုးတက်မှု ရရှိရန်အတွက် စီးပွားရေး လုပ်ငန်းများအားလုံးနှင့် အိမ်ထောင်စုများအားလုံးအတွက် ငွေကြေးဝန်ဆောင်မှု ပံ့ပိုး ပေးနိုင်မည့် ကောင်းမွန်သော ဘဏ်လုပ်ငန်း စနစ်တစ်ရပ် လိုအပ်မည် ဖြစ်သည့်အပြင် ပြည်သူတို့အား ပိုမိုကောင်းမွန်သည့် ငွေကြေးဝန်ဆောင်မှုများပေးရန် ငွေပေးချေမှုစနစ်များ နှင့် အခြား အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးရန်လိုအပ်ပါသည်။

၉၉။ ငွေကြေးဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်သော အဖွဲ့အစည်းများမှာ ယနေ့ အချိန် တွင် နိုင်ငံပိုင်ဘဏ်ခွဲများနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းပေါင်း (၇၂၇) ခု၊ ပုဂ္ဂလိက ဘဏ် (၁၉) ဘဏ်မှ ဘဏ်ခွဲပေါင်း (၄၆၆) ခု နှင့် နိုင်ငံခြားဘဏ် (၂၈) ခု၏ ကိုယ်စားလှယ် ရုံး များနှင့် နိုင်ငံခြား ငွေရေးကြေးရေး ကုမ္ပဏီ (၁) ခု ၏ ကိုယ်စားလှယ်ရုံး (၁) ခု ဖွင့်လှစ် ထားပါသည်။

၁၀၀။ နိုင်ငံပိုင်ဘဏ်များအနေဖြင့် ပြည်သူများအား လုံခြုံစိတ်ချရမှုရှိပြီး တိကျမှန်မြန်သည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ရန်အတွက် အွန်လိုင်းဘဏ်လုပ်ငန်း ဝန်ဆောင်မှု စနစ်၊ အွန်လိုင်းဖုန်းဘီလ်ဆောင်သည့်စနစ်၊ မလေးရှားနိုင်ငံ၊ မေဘဏ် နှင့် ငွေလွှဲလုပ်ငန်း ဆောင်ရွက်သည့်လုပ်ငန်း၊ အငြိမ်းစားဝန်ထမ်းများလွယ်ကူစွာ ငွေထုတ်ယူနိုင်ရန်အတွက် အီလက်ထရောနစ်ပင်စင် စနစ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၁၀၁။ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ခေတ်မီ ဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊ ရှင်းလင်းလွယ်ကူ ထိရောက် သော ငွေပေးချေမှုစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်သည့် ခေတ်မီနိုင်ငံတော်ဖြစ်စေရန်၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများ သည် ဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အသုံးချတတ်လာစေရန်နှင့် နိုင်ငံတကာနှင့် ဆက်စပ်ဆောင်ရွက်ရာတွင် ငွေကြေး

အရင်းအနှီးများ ပိုမိုလွတ်လပ်စွာ စီးဝင်နိုင်စေရေးအတွက် နိုင်ငံခြားဘဏ်လုပ်ငန်းကို တွင်ကျယ်စွာ လုပ်ကိုင်နိုင်စေရန် ရည်မှန်းပါသည်။

**၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်များ**

၁၀၂။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေရေးကြေးရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုး ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ကျပ် ၁၀၃,၀၇၁.၄ သန်း ရရှိစေရန်နှင့် ၉၂.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၁၀၃။ ငွေရေးကြေးရေးကဏ္ဍနှင့် ပတ်သက်၍ ရည်မှန်းချက်များကို တစ်ဖက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည်-

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

## နိုင်ငံပိုင်ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ဝင်ငွေလျာထားချက်

(တန်ဖိုး-ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး | ပြောင်းလဲမှုနှုန်း(%) | တန်ဖိုး | ပြောင်းလဲမှုနှုန်း(%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂၉၁,၈၃၂.၈ | ၂.၀ | ၃၉၆,၂၃၃.၆ | ၃၅.၈ |
| ၂ | မြန်မာ့စီးပွားရေးဘဏ် | ၁၂၀,၆၈၃.၂ | -၂.၉ | ၁၂၄,၉၀၀.၃ | ၃.၅ |
| ၃ | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | ၁,၂၈၀.၆ | ၅.၉ | ၄၂,၄၆၈.၇ | ၃,၂၃၃.၇ |
| ၄ | မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် | ၁၅,၀၉၂.၂ | ၃၉၀.၅ | ၁၀,၆၄၀.၉ | -၂၉.၅ |
| ၅ | မြန်မာ့အာမခံလုပ်ငန်း | ၁၈,၉၀၀.၀ | ၅.၀ | ၂၃,၁၇၈.၅ | ၂၂.၆ |
| ၆ | မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း | ၃,၂၀၀.၀ | ၆.၇ | ၃,၂၀၀.၀ | ၀.၀ |
| ၇ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ၃၆,၄၄၈.၆ | ၁၅.၂ | ၃၂,၂၀၀.၀ | -၁၁.၇ |
| | **စုစုပေါင်း** | **၄၈၇,၄၃၈.၄** | **၄.၃** | **၆၃၂,၈၂၂.၀** | **၂၉.၈** |

ဇာစ်မြစ်။ ။သက်ဆိုင်ရာဝန်ကြီးဌာနများ

## လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ

### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်များ

၁၀၄။ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ ၂၀၁၃ - ၂၀၁၄ဘဏ္ဍာနှစ်တွင် ကျပ် ၁၁၄၄၂၉၆.၀ သန်း ရရှိရန် လျာထားပြီး ယခင်နှစ် အလားတူကာလ နှင့် နှိုင်းယှဉ်ပါက ၂၇.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**ပညာရေး**

၁၀၅။ ပညာရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၌ အခြေခံ ပညာကဏ္ဍတွင် မူလတန်း၊အလယ်တန်း၊ အထက်တန်းကျောင်းများ၊ သိပ္ပံဆောင်များ တိုင်း/ခရိုင် ပညာရေးမှူးများ နှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း လုပ်ငန်းများကို ပိုမိုတိုးချဲ့ရန် ရည်မှန်းထားရာ ကချင်ပြည်နယ်တွင် (၁၁၃)၊ ကယားပြည်နယ်တွင် (၃၄)၊ ကရင် ပြည်နယ်တွင် (၉၃)၊ ချင်းပြည်နယ်တွင် (၅၀)၊ စစ်ကိုင်းတိုင်း ဒေသကြီးတွင် (၂၂၂)၊ တနင်္သာရီတိုင်းဒေသကြီးတွင် (၁၄၄)၊ ပဲခူးတိုင်းဒေသကြီးတွင် (၃၈၀)၊ မကွေးတိုင်း ဒေသကြီးတွင် (၁၅၇)၊ မန္တလေးတိုင်းဒေသကြီးတွင် (၁၉၂)၊ နေပြည်တော်တွင် (၅၉)၊ မွန် ပြည်နယ်တွင် (၁၂၀)၊ ရခိုင်ပြည်နယ်တွင် (၂၁၀)၊ ရှမ်းပြည်နယ်တွင် (၂၅၉)၊ ဧရာဝတီ တိုင်းဒေသကြီး တွင် (၃၁၅)နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် (၅၉၂) တို့ကိုအသစ် ဆောက်လုပ်ခြင်းနှင့် မွမ်းမံခြင်းများ ပြုလုပ်မည်ဖြစ်ပါသည်။

၁၀၆။ အဆင့်မြင့်ပညာကဏ္ဍတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၌ ဘွဲ့ကြိုတန်းများကို (၃)နှစ်မှ (၄)နှစ်သို့ တိုးမြှင့်ခြင်းကြောင့် တိုးတက်များပြားလာမည့် ကျောင်းသား၊ ကျောင်းသူများ အတွက် ပညာသင်ကြားရေးဆိုင်ရာ စာသင်ဆောင်အသစ်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ကျောင်းသား၊ကျောင်းသူများ၏ ပညာရည်တတ်မြောက်မှုကို တိုက်ရိုက် အထောက်အကူပြုသည့် လက်တွေ့ခန်းသုံးပစ္စည်းများ၊ နိုင်ငံတကာအဆင့်မီ သင်ကြားရေး အထောက်အကူပြုပစ္စည်းများ အသစ်ဖြည့်ဆည်းခြင်း၊ စာကြည့်တိုက်သုံးပစ္စည်းနှင့် စာအုပ် စာတမ်းများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ချက်များ ဖြည့်ဆည်းခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၁၀၇။ အဆင့်မြင့်ပညာကဏ္ဍတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် e-government အသုံးစရိတ်များ တိုးချဲ့သုံးစွဲရန် ဦးစီးဌာနရုံးချုပ်နှင့် တက္ကသိုလ်များကို Video Conferencing တပ်ဆင်အသုံးပြုရေးအတွက် ငွေကျပ် (၁၄၂၀.၉၆)သန်း အဆိုပြု လျာထား ခဲ့သော်လည်း သင်ကြားရေး အထောက်အကူပြုပစ္စည်းနှင့် စာသင်ဆောင် တည်ဆောက်ရေး လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ရန် ပြန်လည်ညှိနှိုင်းချက်အရ ၎င်းအဆိုပြုချက်အား

လျှော့ချခဲ့ရပါသည်။ နောင်လာမည့် နှစ်များတွင် နိုင်ငံတော်ဘတ်ဂျက် အဆိုပြုချက်များ၌လည်းကောင်း၊ ပြည်ပအကူအညီအထောက်အပံ့များရရှိပါကလည်းကောင်း e-government အသုံးစရိတ်များ တိုးချဲ့သုံးစွဲရန် ညှိနှိုင်းပူးပေါင်း စီစဉ်ဆောင်ရွက် မည်ဖြစ်ပါသည်။

၁၀၈။ အခြေခံပညာကဏ္ဍအနေဖြင့် အန္တရာယ်ရှိသော ကျောင်းများပြန်လည် ဆောက်လုပ်ခြင်း (၁၀၂၂) ကျောင်းနှင့် ဥပမိရုပ်မကောင်းသော ကျောင်းပေါင်း (၆၉၁) ကျောင်း၊ လွှတ်တော်တွင်တင်ပြသော ကျောင်းပေါင်း (၅၅၆) ကျောင်း၊ ကျောင်းသားဦးရေအရ တိုးချဲ့ဆောက်လုပ်သည့် ကျောင်းပေါင်း (၅၄၂) ကျောင်း၊ တိုင်းဒေသကြီး/ခရိုင်ရုံးများ အသစ်ဆောက်လုပ်ခြင်း (၅၃) ရုံး၊ သိပ္ပံဆောင် ဆောက်လုပ်မည့်ကျောင်း(၆၅) ကျောင်းနှင့် သာသနာ့ မြေမှထွက်၍ ကျောင်းပိုင်မြေတွင် ကျောင်းများ အသစ်ဆောက်လုပ်ခြင်း (၅၀) ကျောင်း၊ ဝန်ထမ်းအိမ်ရာ(၈)ဆောင် အသစ်ဆောက် လုပ်ခြင်းများ ပါဝင်ပါသည်။ ဘက်စုံလွှမ်းခြုံ နိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းများကို ၂၀၁၂ ခုနှစ်မှစတင် ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ပထမအဆင့်အနေဖြင့် အပြီးသတ် ဆောင်ရွက်ရန် လျာထားပါသည်။

**ကျန်းမာရေး**

၁၀၉။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ဆေးရုံများ မွမ်းမံပြင်ဆင်ခြင်း၊ အဆင့်တိုးမြှင့်တည်ဆောက်ခြင်း၊ ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ အသစ်တည်ဆောက်ခြင်း၊ လူနာဆောင်များတိုးချဲ့ဆောက်လုပ်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံကြီးများတွင် ဓာတ်ရောင်ခြည်များ တည်ဆောက်ခြင်း၊ ဆရာဝန်နှင့် သူနာပြုနေအိမ်များ တည်ဆောက်ခြင်းအပါအဝင် လုပ်ငန်းသစ်(၂၆၀)ကို ဆောင်ရွက်ရန် လျာထားပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ခုတင်(၁၀၀၀)ဆံ့ အဆင့်မြင့်ရန်ကုန် ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေး လုပ်ငန်း၊ သထုံ ခုတင် (၁၀၀) ဆံ့ဆေးရုံကြီး၊ သပိတ်ကျင်းမြို့နယ် ခုတင်(၅၀)ဆံ့ဆေးရုံနှင့် ကြို့ပင်ကောက်မြို့နယ်ခုတင် (၅၀)ဆံ့ဆေးရုံ၊ ကျောက်ကြီးမြို့နယ် ခုတင်(၅၀)ဆံ့ဆေးရုံ၊ မင်းဘူး(စကု) (၂၅)ခုတင်ဆံ့ဆေးရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၆၉)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန(၅၄)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ(၆၁)ခု၊ နေပြည်တော် ခုတင် (၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ၊ မိုးညှင်းခရိုင် တိုင်းရင်းဆေးကုဌာန၊ ကော့ကရိတ်ခရိုင် တိုင်းရင်းဆေးကုဌာန၊ ညောင်ဦးခရိုင် တိုင်းရင်းဆေးကုဌာန၊ စုစုပေါင်းခရိုင် တိုင်းရင်းဆေးကုဌာန(၃)ခု၊ မိုးမောက်မြို့နယ် တိုင်းရင်းဆေးကုဌာန၊ ဖာပွန်မြို့နယ် တိုင်းရင်းဆေးကုဌာန၊ တန့်ဆည်မြို့နယ်တိုင်းရင်းဆေးကုဌာန၊ ရေဖြူမြို့နယ် တိုင်းရင်းဆေးကုဌာန၊ လက်ပံတန်းမြို့နယ် တိုင်းရင်းဆေးကုဌာန၊ စလင်းမြို့နယ် တိုင်းရင်းဆေးကုဌာန၊

အမ်းမြို့နယ် တိုင်းရင်းဆေးကုဌာန၊ သပိတ်ကျင်းမြို့နယ် တိုင်းရင်းဆေးကုဌာန၊ အမရပူရမြို့နယ် တိုင်းရင်းဆေးကုဌာန၊ ပုပ္ပသီရိမြို့နယ် တိုင်းရင်းဆေးကုဌာန၊ နမ့်ဆမ်(ရှမ်းတောင်) မြို့နယ် တိုင်းရင်းဆေးကုဌာန၊ တွန်းဇံမြို့နယ် တိုင်းရင်းဆေးကုဌာန၊ စုစုပေါင်းမြို့နယ် တိုင်းရင်းဆေးကုဌာန(၁၂)ခု တည်ဆောက်ရန်နှင့် ခုတင်(၂၀၀) ဆေးရုံ(၁)ရုံ၊ ခုတင်(၁၀၀)ဆေးရုံ(၈)ရုံ၊ ခုတင်(၅၀) ဆေးရုံ(၇)ရုံ၊ (၂၅)ခုတင် ဆေးရုံ(၁၃)ရုံ၊ (၁၆)ခုတင်ဆေးရုံ (၈၀)ရုံ၊ ခုတင်(၁၅၀၀)ဆံ့ ရန်ကုန် ပြည်သူ့ဆေးရုံကြီးနှင့် ခုတင်(၁၅၀)ဆံ့ မျက်စိရောဂါဆေးရုံကြီးတို့၏ ဖွဲ့စည်းပုံပြင်ခြင်း၊ ခုတင် (၁၀၀)မှ (၂၀၀)သို့(၂)ရုံ၊ ခုတင်(၅၀)မှ(၁၀၀)သို့(၄)ရုံ၊ ခုတင်(၂၅)မှ(၅၀)သို့(၆)ရုံ၊ (၁၆) ခုတင် မှ (၂၅)သို့(၅)ရုံတို့ကို အဆင့်မြှင့်တင်ခြင်းနှင့် တောင်ကြီးဆေးတက္ကသိုလ် စာသင်ဆောင်နှင့် အုပ်ချုပ်ရေးဆောင်များ တည်ဆောက်ခြင်းတို့ ဆောင်ရွက်ရန်လျာထားပါသည်။ ရောဂါ ကြိုတင်ကာကွယ်ရေး၊ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး၊ ကူးစက်မဟုတ်သော ရောဂါများနှင့် အခြေအနေများ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ခြင်း၊ မိခင်၊ မွေးကင်းစနှင့် ကလေးဘဝ ကာလတစ်လျှောက် ရောဂါ ဖြစ်ပွားမှု၊ မသန်စွမ်းမှုနှင့် သေဆုံးမှုများ လျော့နည်းကျဆင်းလာရေး၊ ကျေးလက်၊နယ်စပ်နှင့် မြို့ပြဆင်ခြေဖုံး ဒေသများ၌ ကျန်းမာရေး စောင့်ရှောက်မှုမြှင့်တင်ရေးနှင့် လွှမ်းခြုံမှုတိုးတက် ရရှိရေး၊ အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ အရည်အသွေး ပြည့်မီ၍ အန္တရာယ်ကင်းရှင်းရေး၊ အခြေခံဆေးဝါး၊ ကာကွယ်ဆေးနှင့် တိုင်းရင်းဆေးဝါးများ လုံလောက်စွာရရှိရေး သို့လျောင် ဖြန့်ဖြူးမှု စနစ်တကျဖြစ်စေရေး၊ အရည်အသွေး ပြည့်ဝသည့်ဆေးနှင့် ကျန်းမာရေး ပညာရှင်များ လေ့ကျင့်မွေးထုတ်ရေးနှင့် သုတေသန လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးတို့ကို ဆောင်ရွက်ရန် လျာထား ပါသည်။

**သိပ္ပံနှင့်နည်းပညာ**

၁၁၀။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဝန်ကြီးဌာန အောက်ရှိ ကွန်ပျူတာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ အစိုးရနည်းပညာ ကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများတွင် ပင်မစာသင်ဆောင်များ၊ စာကြည့်တိုက်များ၊ ဘွဲ့နှင်းသဘင်ခန်းမများ၊ တစ်ထပ်စာသင်ဆောင်များ၊ ဆရာ၊ ဆရာမဆောင်များ၊ အလုပ်ရုံနှင့်လက်တွေ့ခန်းများ ဆောက်လုပ်ခြင်း အပါအဝင် တက္ကသိုလ်အင်္ဂါရပ်နှင့် ညီညွတ်သောအဆောက်အဦများ ထည့်သွင်း တည်ဆောက်ရန် လျာထားပါသည်။ ရန်ကုန် နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာ တက္ကသိုလ်၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေး ကွန်ပျူတာတက္ကသိုလ်တို့အား

Center of Excellence (COE)အဆင့်မြင့်တက္ကသိုလ်များအဖြစ် အဆင့်မြှင့်တင်၍ အာဆီယံနိုင်ငံများရှိ တက္ကသိုလ်များအဆင့်သို့ ပဥ္စမကာလတို ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ရောက်ရှိစေမည်ဟုလျာထားပါသည်။ ထို့အပြင် အိန္ဒိယအစိုးရနှင့်ပူးပေါင်း၍ မြန်မာ့သတင်းအချက်အလက် နှင့် နည်းပညာ တက္ကသိုလ် တစ်ခုကို မန္တလေးမြို့တွင် ဖွင့်လှစ်တည်ထောင်ရန် လျာထားပါသည်။ အထက်ဖော်ပြပါ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများအတွက်လိုအပ်မည့် ပရိဘောဂ၊ သင်ထောက်ကူ ပစ္စည်းများနှင့် ပညာရပ်ဆိုင်ရာစာအုပ် စာတမ်းများကို အဆင့်လိုက် ဖြည့်ဆည်း ဆောင်ရွက်ရန် လျာထားပါသည်။

၁၁၁။ သုတေသနဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်သူလူထုအား တိုက်ရိုက်အကျိုးပြုနိုင်သည့် သုတေသနလုပ်ငန်းများနှင့် သဘာဝအရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုနိုင်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ရှာဖွေဖော်ထုတ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေး၊ ဒေသတွင်း သိပ္ပံနှင့်နည်းပညာ သင်ယူမှုဆိုင်ရာ အခွင့်အလမ်းများ တိုးတက်ရရှိလာခြင်းဖြင့် လူငယ်၊ လူရွယ်များ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်း ပိုမိုများပြားလာပြီး အရည်အသွေးပြည့်ဝသော အင်ဂျင်နီယာနှင့်ကွန်ပျူတာ အသိပညာရှင်၊ အတတ်ပညာရှင်များ ပြုစုပျိုးထောင်ရေး၊ နျူကလီးယားနည်းပညာအား ကျွမ်းကျင်တတ်မြောက်၍ လက်တွေ့အသုံးချနိုင်သော ပြည်သူ့အကျိုးပြု သုတေသနလုပ်ငန်းဆောင်ရွက်ရေး၊ နိုင်ငံတော်အတွက် အကျိုးပြုမည့် သုတေသန နယ်ပယ်အသီးသီးတွင် သုတေသနဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများအားပြည်တွင်း၊ ပြည်ပတက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့်အတူ လက်တွဲဆောင်ရွက်ရေး၊ ပုဂ္ဂလိကကဏ္ဍတွင် နည်းပညာအခြေပြုသည့်လုပ်ငန်းသစ်များ ပေါ်ထွန်းလာစေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေရေးအတွက် နည်းပညာရှင်များ လေ့ကျင့်မွေးထုတ်သွားရန်နှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ စွမ်းအင် နှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်လျာထားပါသည်။

၁၁၂။ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ ညီလာခံများနှင့် စာတမ်းဖတ်ပွဲများကို နိုင်ငံတကာအဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့်ချိတ်ဆက်၍ ပြည်တွင်း၊ ပြည်ပများတွင် ကျင်းပပြုလုပ်ရန် လျာထားပါသည်။ ထို့အတူ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော အမျိုးသားဓာတ်ခွဲခန်းထူထောင်ခြင်း၊ စံချိန်စံညွှန်းဆိုင်ရာ ဥပဒေကြမ်း

များရေးဆွဲခြင်း၊ ဉာဏပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ဥပဒေကြမ်းများ ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရန် လျာထားပါသည်။

**ပြန်ကြားရေး**

၁၁၃။ ပြန်ကြားရေးဝန်ကြီးဌာနသည် လူထုဆက်သွယ်မှုကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး အတွက် ရုပ်မြင်သံကြားလိုင်းများ တိုးချဲ့တပ်ဆင်နိုင်ရေး၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ရန်အတွက် မြန်မာ့အသံ နှင့် ရုပ်မြင်သံကြားသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံ စီမံကိန်းများကို ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် တည်ဆောက်ခြင်း၊ တိုင်းရင်းသား အစီအစဉ်များကို အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လွှင့်နိုင်ရေးအတွက် တိုးချဲ့ တပ်ဆင်ရန် စက်ပစ္စည်းဝယ်ယူတပ်ဆင်ခြင်းတို့ကို လျာထားပါသည်။

**အားကစား**

၁၁၄။ ၂၀၁၃ ခုနှစ်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် အဆင့်မြင့်မြင့် လက်ခံကျင်းပနိုင်ရေးအတွက် နေပြည်တော်ဝဏ္ဏသိဒ္ဓိ Sport Complex၊ ဇေယျာသီရိ အဆင့်မြင့် အားကစားကွင်း တို့အား အဆင့်မြင့် တည်ဆောက်ခြင်း၊ နေပြည်တော် အားကစားရွာ အိမ်ရာ စီမံကိန်း တည်ဆောက်ခြင်း၊ အားကစားရွာအတွင်း International Social Zone တည်ဆောက်ခြင်း တို့အပြင် အားကစားသိပ္ပံ (ရန်ကုန်) နှင့် အားကစားသိပ္ပံ (မန္တလေး)တို့ကို အဆင့်မြင့် ပြုပြင်ခြင်း၊ အားကစားသမားများ သက်လုံ ကောင်းစေရေး လေဖိအားနည်း ဒေသတွင် လေ့ကျင့်နိုင်ရန်အတွက် ပြင်ဦးလွင်မြို့တွင် ကုန်းမြင့်ဒေသ လေ့ကျင့်ရေးစခန်း တည်ဆောက်ခြင်း၊ အောင်ဆန်းကွင်း၊ ပေါင်းလောင်းကွင်း၊ လောင်းလုံ မြို့နယ် အားကစားကွင်း၊ မြောင်းမြရိုင်အားကစားကွင်း တို့အား အဆင့်မြင့် ပြုပြင်ခြင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မသန်စွမ်းအားကစား လေ့ကျင့်ရေးစခန်း တည်ဆောက်ခြင်း တို့အပြင် အားကစားသိပ္ပံ (မော်လမြိုင်)နှင့် အားကစားသိပ္ပံ (တောင်ကြီး)တို့ကို ဆောက်လုပ် သွားရန် လျာထားပါသည်။

**ယဉ်ကျေးမှု**

၁၁၅။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေး လက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်တွင် အနုပညာဦးစီး ဌာနအနေဖြင့် မျိုးဆက်သစ်များ ပြုစုပျိုးထောင်ပေးရန်၊ အနုပညာတက္ကသိုလ်များတွင် မဟာတန်းများ စတင်ဖွင့်လှစ်ပေးရန်လျာထားခြင်း၊ ရှေးဟောင်းသုတေသနဆိုင်ရာ လုပ်ငန်း များ ဖြစ်သောမြို့ဟောင်းများ၊ရှေးဟောင်း အဆောက်အအုံများ၊ စေတီများ၊ ဂူဘုရားများ၊

နန်းတော်များကို သုတေသနပြု ဖော်ထုတ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခြင်း၊ အမျိုးသားပြတိုက်(နေပြည်တော်)အတွက် စုဆောင်းထားရှိသော ရှေးဟောင်းပစ္စည်းများ၊ ပန်းချီ၊ ပန်းပု အနုလက်ရာ ပစ္စည်းများကို ပြည်တွင်းတွင် လည်းကောင်း၊ ပြည်ပတွင် လည်းကောင်း အထူးပြပွဲများ ခင်းကျင်းပြသခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက် ခြင်း၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) အတွက် စာစု လုပ်ငန်းများ၊ စာပြုလုပ်ငန်းများ၊ စာကြည့်တိုက် ပညာပေးလုပ်ငန်းများ ကလေးစာကြည့်တိုက် လုပ်ငန်းများ၊ စာဖတ်ခန်းများ ဖွင့်လှစ်ခြင်း၊ လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိစေရန် အတွက် ယဉ်ကျေးမှု အမွေအနှစ် ပစ္စည်းများ၊ အဆောက်အဦများဖြင့် ခရီးသွားလုပ်ငန်း ဆွဲဆောင်နိုင်ရေး ဆောင်ရွက်ရန်၊ အမျိုးသားပြတိုက် ရန်ကုန်အပါအဝင် ပုဂံပြတိုက် နှင့် ပြည်နယ် / တိုင်းဒေသကြီး တို့၌ ရှိသော ယဉ်ကျေးမှုပြတိုက်များအား စနစ်တကျ ပြန်လည် ခင်းကျင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်း၊ မြန်မာ့သမိုင်းသုတေသန စာစောင်၊ စာအုပ် ပုံနှိပ်ထုတ်ဝေခြင်းကို ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ နှင့် ပူးပေါင်း၍ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ဒေသများတွင် ရှေးဟောင်းယဉ်ကျေးမှုဇုန်များ ဆောင်ရွက်ခြင်း၊ သမိုင်းဝင်နေရာ အချို့ကို သမိုင်းဝင်ဇုန်များအဖြစ် တိုးမြှင့်ဆောင်ရွက်ခြင်း နှင့် ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များကို ပြည်တွင်း/ပြည်ပ အကူအညီ များဖြင့် တိုးမြှင့်ဖော်ထုတ် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရန် လျာထားပါသည်။

---

**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး**

၁၁၆။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနသည် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ရရှိရန်နှင့် လူမှုဖူလုံရေးတို့ ဆောင်ရွက်ရန် ရည်မှန်းထားသည့် အပြင် လူမှုဖူလုံရေးအဖွဲ့ အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လူမှုဖူလုံရေး အက်ဥပဒေ အရ အကျုံး ဝင်သည့် အလုပ်သမား ဌာန ၄၇,၄၀၀ နှင့် အကျုံးဝင်သည့် အလုပ်သမားဦးရေ ၇၃၅,၀၀၀ဦး ရှိမည်ဟုရည်မှန်း ထားပါသည်။

၁၁၇။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် ပြည်တွင်းအလုပ်အကိုင်ရရှိရေး နှင့် ပြည်ပ အလုပ်အကိုင်ရရှိရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလခန့်တွင် လူမှုဖူလုံရေး ဥပဒေသစ်အား စတင်အကောင်အထည် ဖော်မည်ဖြစ်ပြီး ဥပဒေသစ်ပါ အာမခံစနစ်(၅) မျိုးအနက် မူလ ရှိရင်းစွဲဖြစ်သည့် ကျန်းမာရေး နှင့် လူမှုရေး စောင့်ရှောက်မှု အာမခံ စနစ်နှင့် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် အာမခံ

စနစ် (၂)မျိုးကိုသာ စတင်ဆောင်ရွက်ပြီး ကျန်အာမခံ စနစ်သုံးမျိုးကို အလုပ်ရှင် အလုပ်သမား များ၏ ဆန္ဒအရ တစ်နှစ်ပြီးတစ်နှစ် ဖြစ်စေ၊ တစ်နှစ်တည်းဖြစ်စေ စတင် အကောင်အထည်ဖော်မည် ဖြစ်ပါသည်။ ထို့အပြင် လက်ရှိ ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ခြင်း၊ ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာ ကွန်ယက်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပ သွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်သည့် အပြင် ရုံးသစ်ဆောက်လုပ်ခြင်းကို ရမည်းသင်း ခရိုင်ရုံးနှင့် သာယာဝတီခရိုင်ရုံး၊ အလုပ်ရုံ နှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန အနေဖြင့် သီလဝါ အထူး စီးပွားရေးဇုန်ရုံးနှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်ရုံး၊ အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာန အနေဖြင့် ရုံးသစ်ဆောက်လုပ်ခြင်းကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး တို့တွင် ဆောက်လုပ်ရန် ရည်မှန်းပါသည်။

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး**

၁၁၈။ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အနေဖြင့် ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ်အတွင်း လေ့လာ ဆန်းစစ်ခြင်းနှင့် သုတေသနလုပ်ငန်းများ၊ အသိ ပညာပေးလုပ်ငန်း၊ သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ ရပ်ရွာလူထု အခြေပြုလုပ်ငန်းများ၊ သင်တန်းကျောင်းအခြေပြုလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအား ထောက်ပံ့ငွေထူထောင်ခြင်းများ၊ စောင့်ကြည့် ကြီးကြပ်ခြင်း၊ အကဲဖြတ် သုံးသပ်ခြင်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင် ပေးခြင်းလုပ်ငန်းများ၊ ဥပဒေနှင့်နည်းဥပဒေများ ရေးဆွဲ ထုတ်ပြန်ခြင်းများ၊ သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ တည်မြဲအမိန့် ရေးဆွဲ ထုတ်ပြန်ခြင်းများ၊ ရှာဖွေကယ်ဆယ်ရေး ဆိုင်ရာလုပ်ငန်းများ၊ ကယ်ဆယ်ရေးပစ္စည်းများ ကြိုတင်သိုလှောင်စုဆောင်းခြင်းလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးမည့် လုပ်ငန်းများ၊ သဘာဝ ဘေးဒဏ်ခံ အဆောက်အဦများ ဆောက်လုပ် ခြင်းလုပ်ငန်းများ၊ သစ်တောနှင့် စိုက်ပျိုးရေး လုပ်ငန်းများ၊ ရုံးလုပ်ငန်းဆိုင်ရာ အဆောက် အဦများ ဆောက်လုပ်ခြင်း၊ ဌာနပိုင် အဆောက် အဦအဟောင်းများ ပြုပြင်မွမ်းမံခြင်း၊ ဌာန ဆိုင်ရာ ရုံးသုံး စက်ကိရိယာ၊ ပရိဘောဂ၊ မော်တော်ယာဉ်များ ဝယ်ယူဖြည့်တင်းခြင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများသို့ ထောက်ပံ့ငွေများ ထည့်ဝင်ခြင်း စသည့်လုပ်ငန်းများကို

နိုင်ငံတော် ရင်းနှီးမြှုပ်နှံမှုဖြင့်သာမက နိုင်ငံခြား အကူအညီ အထောက် အပံ့များဖြင့် ဆောင်ရွက်သွားရန် လျာထားပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**

၁၁၉။ အခါအားလျော်စွာ ပေါ်ပေါက်လာမည့် ကော်မရှင် လုပ်ငန်းများနှင့် လွှတ်တော် အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ် နေသော မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပ ပြုလုပ်ရာတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်စေရေး အတွက် ကြီးကြပ် ဆောင်ရွက်ပေးမည်ဖြစ်သည်။

**လွှတ်တော်ရုံး**

၁၂၀။ ပြည်သူလူထုကို အပြည့်အဝ ကာကွယ်စောင့်ရှောက်သော ဥပဒေများ ပြဋ္ဌာန်း နိုင်ရေး၊ ခေတ်နှင့် မလျော်ညီတော့သည့် ဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင် ရေးဆွဲခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်း၊ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒနှင့် ပြည်သူတို့၏ မျှော်လင့်ချက်များအား အဆိုများ၊ မေးခွန်းများအဖြစ်ဖြင့် အုပ်ချုပ်ရေး မဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင် တို့ကို အားပေးဆောင်ရွက်ခြင်း၊ လွှတ်တော်များ၏ ဆောင်ရွက်ချက်များကို ပြည်သူများနှင့် နိုင်ငံတကာမှ လျင်မြန်စွာ သိရှိနိုင်စေရန် ဆောင်ရွက်ခြင်း ၊ လွှတ်တော်ရုံး၏ စီမံကိန်း ငွေလုံးငွေရင်း ရန်ပုံငွေတွင် ပါရှိသော ဒေသနယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအား မြို့နယ်မဲဆန္ဒနယ်မြေများအလိုက် မြို့နယ်များတွင်ရှိကြသော ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များ၏ ကိုယ်စားလှယ်များက ဒေသခံ ပြည်သူလူထုများ၏ ဆန္ဒနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**

၁၂၁။ အကျင့်သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်နှင့် ပြည့်စုံသော တရားသူကြီးကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် အဘက်ဘက်မှ လေ့ကျင့် ပျိုးထောင် ပေးရေး၊ သတင်းနှင့် နည်းပညာကို အသုံးပြု၍ တရားစီရင်ရေးလုပ်ငန်းနှင့် တရား စီရင်ရေးနှင့် ဆက်နွယ်သော စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းရပ်များကို ထိရောက် လျှင်မြန်စွာ ဆောင်ရွက်မည်။

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

၁၂၂။ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရ အဖွဲ့အစည်းများ နှင့် နေပြည်တော် ကောင်စီတို့အတွက် ငွေကြေးကိုင်တွယ် ထိန်းသိမ်းမှု နှင့် စာရင်းပြုစု ထိန်းသိမ်းမှု မှန်ကန်ခြင်းရှိ/မရှိ၊ စာရင်းအင်းထားသိုပုံ နည်းစနစ်သတ်မှတ်ပေးခြင်းနှင့် သတ်မှတ်ထား

သောစနစ်နှင့်အညီ ကျင့်သုံးခြင်းရှိ/မရှိ နှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှု တို့ကို စစ်ဆေး၍ ပွင့်လင်းထင်သာ မြင်သာစွာဖြင့် အစီရင်ခံ တင်ပြဆောင်ရွက်ရန်၊ ဘဏ္ဍာရေး နှစ်တစ်နှစ်အတွက် နှစ်ပတ်လည် စစ်ဆေးရေးစီမံချက်၊ သုံးလပတ်စစ်ဆေးရေး စီမံချက်များရေးဆွဲ၍ စစ်ဆေးရေး လုပ်ငန်းများကို ဆောင်ရွက်မည်။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး** 

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

၁၂၃။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေ ထုတ်ပြန်နိုင်ရေးအတွက် ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ နိုင်ငံတော် သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ နိုင်ငံတော် သမ္မတရုံး၊ ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေး တို့၏ သဘောတူခွင့်ပြုချက် ရရှိပြီး ဖြစ်၍ အတည်ပြုပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စု လွှတ်တော်သို့တင်ပြခြင်း၊ နိုင်ငံ့ဝန်ထမ်းနည်း ဥပဒေ ထုတ်ပြန်နိုင်ရေးအတွက် မူကြမ်းရေးသားပြုစုကာ ဖော်ပြပါ အဖွဲ့အစည်းများသို့ အဆင့်ဆင့်တင်ပြလမ်းညွှန်မှု ခံယူဆောင်ရွက်ခြင်း၊ ၂၀၁၃ ခုနှစ် နှင့် ၂၀၁၄ ခုနှစ်များ တွင်(၁၇) ကြိမ်မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးကြီးနှင့်ဆက်စပ် အစည်းအဝေးများ စုစုပေါင်း (၄) ကြိမ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးရန်ရှိခြင်း၊ အရည်အချင်း ပြည့်ဝသော ဝင်ပေါက် ရာထူးအဆင့် အရာထမ်းများအား စုဆောင်း ရွေးချယ် ပေးခြင်း၊ ဆာသာကာဝါ ငြိမ်းချမ်းရေး ကော်ပိုရေးရှင်း၊ ကိုးရီးယား နိုင်ငံတကာ ပူးပေါင်း

ဆောင်ရွက်ရေး အေဂျင်စီ၊ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၊ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသ အိမ်နီးချင်း နိုင်ငံများ၊ အာဆီယံနှင့် ဒေသတွင်း နိုင်ငံများ၊ ကမ္ဘာ့နိုင်ငံ များ၌ ကျင့်သုံးလျက်ရှိသော နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းစဉ်များနှင့် မိမိနိုင်ငံ၏ ဝန်ထမ်းများနှင့် ပတ်သက်၍ လေ့လာ သုတေသနပြုခြင်း၊ ဝန်ထမ်း ကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း များကို နိုင်ငံတော် သမ္မတရုံး နှင့် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးတို့၏ လမ်းညွှန် ခွင့်ပြုချက်ဖြင့် ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မည်။

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး**

၁၂၄။ နိုင်ငံတော်၏ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများအတွက် ဝန်ထမ်းကောင်းများ ရွေးချယ် ခန့်ထားနိုင်ရေးနှင့် ဝန်ထမ်းများအရည်အသွေး ပြည့်ဝစေရန် လေ့ကျင့်သင်တန်းများပေးရေး နှင့် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ အဖွဲ့အစည်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ရန် ပြည်ထောင်စုရာထူးဝန် အဖွဲ့ကို တာဝန်ခံ ဆောင်ရွက်မည်။ အာဆီယံဆိုင်ရာ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အဖွဲ့ကြီးတွင်

မြန်မာနိုင်ငံ၏ ဆက်သွယ်ရန် အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသော ပြည်ထောင်စုရာထူးဝန် အဖွဲ့က ထူထောင် ထားသည့် အာဆီယံ လူ့စွမ်းအား ဗဟိုဌာန၏ လုပ်ငန်းများကို တာဝန်ယူ စီမံ ဆောင်ရွက်မည်။

**ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)**

၁၂၅။ ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေးနှင့် ပြည်သူ့ ရေးရာ စီမံခန့်ခွဲရေး တာဝန်များကို ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော် ကာကွယ်ရေး အတွက် အထောက်အကူပြုနိုင်ရန်၊ သင်တန်းများ လျာထားသတ်မှတ်ခြင်း၊ သင်တန်း များ လက်ခံဖွင့်လှစ်ခြင်း၊ စနစ်တကျ လေ့ကျင့် ပေးခြင်းနှင့် လေ့ကျင့်ရေးအတွက် ဝန်ထမ်းအင်အား၊ ငွေကြေးအင်အားများကို စနစ်တကျ စီမံခန့်ခွဲခြင်း လုပ်ငန်းစဉ် များကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

**ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)**

၁၂၆။ စီမံခန့်ခွဲရေး အဆင့်နှင့် ပညာရှင်အဆင့် ဝန်ထမ်းလောင်းများအား အခြေခံ သင်တန်းများပေးခြင်း၊ အလယ်အလတ်တန်း စီမံခန့်ခွဲသူများ အတွက် မွမ်းမံ သင်တန်းများပေးခြင်း၊ ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များအတွက်လည်းကောင်း၊ အဆင့်မြင့် စီမံခန့်ခွဲသူများအတွက် လည်းကောင်း၊ စီမံခန့်ခွဲရေး ဆိုင်ရာကိစ္စရပ်များအတွက် ညှိနှိုင်း ဆွေးနွေးပွဲများကို တာဝန်ယူ ကျင်းပပေးရန်၊ ဝန်ထမ်းများအား စီမံခန့်ခွဲရေးဆိုင်ရာ ဘာသာရပ်များကို လေ့ကျင့် ပညာပေးရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မည်။

**ဝန်ထမ်းရေးရာဦးစီးဌာန**

၁၂၇။ တည်ဆဲ ဝန်ထမ်း ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံး လုပ်နည်းများနှင့် ညွှန်ကြားချက်များကို စီမံခန့်ခွဲရန်၊ ဗဟိုဝန်ထမ်း တက္ကသိုလ်များနှင့် ဝန်ထမ်းအဖွဲ့အစည်းများတွင် ဖွင့်လှစ်သည့် ဌာန ဆိုင်ရာ သင်တန်းများ၌ ဝန်ထမ်းသမိုင်း၊ ဝန်ထမ်းများ ၏ တာဝန်နှင့် ရပိုင်ခွင့်များဆိုင်ရာ စည်းမျဉ်းများ၊ ဝန်ထမ်း စည်းကမ်း ထိန်းသိမ်းရေး၊ ဝန်ထမ်း ကျင့်ဝတ် ဆိုင်ရာနည်းဥပဒေများနှင့် ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှု ဘာသာရပ်များကို ဆွေးနွေးပို့ချရန်၊ ဝန်ထမ်းပြစ်ဒဏ် မှတ်တမ်းများ ပြုစုပြီး မှတ်တမ်းတင်ထားရှိရေး ဆောင်ရွက်မည်။ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနှင့် ဒေသတွင်း နိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများ၌ ကျင့်သုံးလျက်ရှိသော နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းစဉ်များနှင့် မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်း ထားရှိခြင်း၊ ဝန်ထမ်းဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍

တည်ဆဲ ပြဋ္ဌာန်းချက်များအား ဌာနဆိုင်ရာ သင်တန်းများတွင် ပို့ချပေးခြင်းတို့ ဆောင်ရွက်မည်။

**ပြည်ထဲရေး**

၁၂၈။ အစိုးရအုပ်ချုပ်ရေး ဝန်ဆောင်မှုနှင့် ပြည်သူ့အုပ်ချုပ်ရေး ဝန်ဆောင်မှု လုပ်ငန်းများတွင် အီလက်ထရောနစ်စနစ် (e.Government Service နှင့် e.Public Service) ကျင့်သုံးရေးကို ဦးတည်၍ ဘာသာရပ်ကျွမ်းကျင်မှု နှင့် ခေတ်မီနည်းပညာများ အထောက်အကူပြုရေး၊ ခိုင်မာသော အုပ်ချုပ်ရေး ယန္တရား တည်ဆောက်ရေး နှင့် အုပ်ချုပ်ရေး ယန္တရား ချောမွေ့စွာ လည်ပတ်ရေး၊ တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေး၊ အများပြည်သူတို့၏ ဘဝလိုအပ်ချက်ဖြစ်သော လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ လူနေမှုဘဝ မြင့်မားရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက် သွားမည် ဖြစ်ပါသည်။

**နယ်စပ်ရေးရာ**

၁၂၉။ နိုင်ငံတော်မှ တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ကျေးလက်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး၊ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းများ၊ အခြေခံအဆောက်အဦများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန် နှင့် တိုင်းရင်းသား လူငယ်များအား အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အတွင်း နယ်စပ်ဒေသများ၏ လူမှုစီးပွားဘဝအခြေခံ အဆောက်အအုံများ ဖြစ်သော လမ်းတံတား လုပ်ငန်းတွင် ပြည်နယ်/ တိုင်း ဒေသကြီး နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ မြေလမ်း (၂၀၅၀)မိုင်၊ ကျောက်ခင်းလမ်း (၇၃၀)မိုင်၊ ကတ္တရာခင်းလမ်း (၃၄၀)မိုင် ၊ ပညာရေးလုပ်ငန်းတွင် ပြည်နယ်/ တိုင်းဒေသကြီး နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၌ အထက်တန်းကျောင်း (၁၅) ကျောင်း၊ အလယ်တန်းကျောင်း (၃၀)ကျောင်း၊ မူလတန်းကျောင်း (၃၀၉) ကျောင်း၊ ကျန်းမာရေး လုပ်ငန်းတွင် ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသများ၌ ဆေးရုံ(၁၆ကုတင်) ၁၅ရုံ၊ ဆေးပေးခန်း(၃၀)ခန်း၊ ကျေးလက်ကျန်းမာရေး ဌာန (၄၅)ခု ၊ ကျေးလက် ကျန်းမာရေး ဌာနခွဲ (၇၅) ခု ဖွင့်လှစ်ရန် လျာထားပါသည်။ စိုက်ပျိုးရေးလုပ်ငန်း၊ ရေရရှိရေး လုပ်ငန်းတွင် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်း (၇၅)ခု ၊ ပြည်နယ်/ တိုင်းဒေသကြီး နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၌ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းတွင် ရုပ်မြင်သံကြား ထပ်ဆင့်

လွှင့်စက်ရုံကို (၁၆၀)ရုံ၊ မွေးမြူရေးလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ လျှပ်စစ်ဓါတ်အား လုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းတွင် တယ်လီဖုန်း အိတ်ချိန်း(၁၅၀)ခု၊ စာတိုက်(၇၅)ခု၊ သာသနာရေး လုပ်ငန်းတွင် ဘုန်းကြီးကျောင်း (၄၅) ကျောင်း၊ သိမ်(၁၅)ခု ၊ ဓမ္မာရုံ (၁၅)ခု၊ အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းတွင် တန်ဖိုးနည်း အိမ်ရာ ဆောက်လုပ်ခြင်း(၁၅၀၀)လုံး၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း (၁၆၀) လုံး ဆောက်လုပ်ပေးခြင်း၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး လုပ်ငန်းများတွင် တွင်းတိမ် (၁၅၅) တွင်း၊ တွင်းနက် (၂၅၉) တွင်း၊ အခြား (၅၈၆) တွင်း လျာထားဆောင်ရွက်မည် ဖြစ်ပြီး ကျေးရွာပေါင်း (၁၀၀၀) ရွာ အကျိုး ခံစားရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေး**

၁၃၀။ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒနှင့်အညီ ကမ္ဘာ့ ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးကို ရှေ့ရှုပြီး ဒေသတွင်းနှင့် အခြားနိုင်ငံများ၊ ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်း များနှင့် တက်ကြွစွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန်နှင့် နိုင်ငံတကာ နှင့် ဆက်ဆံရေး တိုးမြှင့် ဆောင်ရွက်ပြီး နိုင်ငံတော်အကျိုး စီးပွားဖြစ်ထွန်းစေရေး၊ ၂၀၁၅ခုနှစ် တွင် ဖော်ဆောင်မည့် အာဆီယံ အသိုက်အဝန်း ထူထောင်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက် သွားရေး၊ အိမ်နီးချင်း နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်နိုင်ရေး နယ်နိမိတ် သတ်မှတ်ခြင်းများအား ဆောင်ရွက်ရန်၊ နိုင်ငံတကာ မျက်နှာစာတွင် ပြည်ပ နိုင်ငံများနှင့် သံတမန် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်စေရေးအတွက် သံရုံးသစ် များ တိုးချဲ့ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်၊ သံရုံးများ အသစ်ဆောက်လုပ်ခြင်းနှင့် ရှိပြီးသော နိုင်ငံပိုင် အဆောက်အဦ များကို ရေရှည်တည်တံ့ ခိုင်မြဲစေရေး အတွက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်း များကိုပါ ဆောင်ရွက်ရန်၊ ပြည်ပနိုင်ငံများရှိ နိုင်ငံသားများအကျိုးကို ကာကွယ် စောင့်ရှောက်ပေး ရန်၊ နိုင်ငံပိုင် နယ်နိမိတ် မှတ်တိုင်များ မွမ်းမံခြင်း၊ အသစ်တိုးချဲ့ စိုက်ထူခြင်း လုပ်ငန်းများကို အိမ်နီးချင်း နိုင်ငံများနှင့်ညှိနှိုင်း ဆောင်ရွက်ရန်နှင့် မြန်မာ့ရေပိုင်နက်မိုင်တိုးမြှင့် သတ်မှတ် နိုင်ရေး အတွက်တတ်ကျွမ်းသည့် ပညာရှင်များနှင့် ညှိနှိုင်းပြီး ပြေလည်စွာ ပူးပေါင်း လုပ်ဆောင်ရန်၊ ပြည်ပ နိုင်ငံများတွင် နိုင်ငံပိုင် အဆောက်အဦများ ဆောက်လုပ်ခြင်း ဖြင့် ရေရှည်တွင် ကမ္ဘာနှင့်အဝှမ်း ကြီးမြင့်လာသော လူနေမှုစရိတ်အရ တိုးမြှင့်လာသော ရုံးခန်း၊ နေအိမ်ခန်း ငှားရမ်းခများကို သက်သာစေအောင်နိုင်ငံတော်၏ ဘဏ္ဍာကို ခြိုးခြံ ချွေတာသည့်အနေဖြင့် ကျစ်လစ်စွာ သုံးစွဲမည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား**

၁၃၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကဏ္ဍများကို ကွန်ပျူတာစနစ်သို့ ပြောင်းလဲဆောင်ရွက်ခြင်း၊ ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်လာစေရေးဆောင်ရွက်ခြင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းတို့တွင် ဝန်ထမ်းအသစ်ခန့်ထား တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခြင်း၊ e-visa အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဆက်စပ်သည့် ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ Visa On Arrival များ လွယ်ကူ လျင်မြန်စွာ ထုတ်ပေး နိုင်ရေးဆောင်ရွက်ခြင်း၊ နယ်စပ်ဝင်ပေါက် ထွက်ပေါက်များ တွင် ခေတ်မီစက်ကိရိယာများ တပ်ဆင်၍ နယ်စပ်ဝင်ထွက်သွားလာမှုများ ထိန်းချုပ်ရေး ကွန်ယက်စနစ် တည်ဆောက်ရေးအတွက် နိုင်ငံခြား အကူအညီ အထောက်အပံ့ (Grant) ရယူ၍ ဆောင်ရွက်သွားခြင်း၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများအားပူးပေါင်းဆောင်ရွက်သွားရန်၊ အခြားနိုင်ငံများ၏ နိုင်ငံသားအဖြစ်ခံယူထားသော မြန်မာနိုင်ငံသားဟောင်းများနှင့် ပြည်ပမှ လာရောက် ရင်းနှီးမြှုပ်နှံလိုသူများ၊ အသိပညာရှင်၊ အတတ်ပညာရှင် နိုင်ငံခြားသားများ အား မြန်မာနိုင်ငံအတွင်း အမြဲနေထိုင်ခွင့် (Permanent Residence System) (PR) စနစ်ကို ကျင့်သုံးသွားရန်၊ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်း ကို ၂၀၁၃ ခုနှစ် မတ်လ (၃၀) ရက်မှ ဧပြီလ(၁၀)ရက်နေ့အထိ ဆောင်ရွက်ရန်နှင့် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် လျာထားပါသည်။

၁၃၂။ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့် ပတ်သက်၍ ရည်မှန်းချက်များကို တစ်ဖက်ပါ ဇယားများ ဖြင့် ဖော်ပြအပ်ပါသည်-

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း
## ကျောင်း၊ ကျောင်းဆရာနှင့် ကျောင်းသားဦးရေအခြေအနေရည်မှန်းချက်

(ဦးရေ)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | မူလတန်းအဆင့် | | |
| | ၁ ကျောင်း | ၃၇၁၆၆ | ၃၇၂၈၁ |
| | ၂ ကျောင်းဆရာ | ၁၈၄၄၆၅ | ၁၈၄၈၃၈ |
| | ၃ ကျောင်းသား | ၅၃၉၇၂၁၇ | ၅၅၀၈၃၇၃ |
| ၂ | အလယ်တန်းအဆင့် | | |
| | ၁ ကျောင်း | ၂၂၇၉ | ၂၃၂၂ |
| | ၂ ကျောင်းဆရာ | ၆၈၁၀၈ | ၆၈၄၄၇ |
| | ၃ ကျောင်းသား | ၂၃၁၉၉၇၉ | ၂၃၃၈၇၂၇ |
| ၃ | အထက်တန်းအဆင့် | | |
| | ၁ ကျောင်း | ၁၂၄၂ | ၁၂၇၀ |
| | ၂ ကျောင်းဆရာ | ၂၇၃၁၁ | ၂၇၄၉၂ |
| | ၃ ကျောင်းသား | ၆၇၆၁၉၄ | ၆၈၂၁၁၀ |
| ၄ | အစိုးရစက်မှုလက်မှုသိပ္ပံ | | |
| | ၁ ကျောင်း | ၁၃ | ၁၄ |
| | ၂ ကျောင်းဆရာ | ၁၀၁၃ | ၈၁၆ |
| | ၃ ကျောင်းသား | ၆၀၈၈ | ၉၈၆၆ |
| ၅ | စိုက်ပျိုးရေးသိပ္ပံ | | |
| | ၁ ကျောင်း | ၉ | ၉ |
| | ၂ ကျောင်းဆရာ | ၂၄၀ | ၂၅၂ |
| | ၃ ကျောင်းသား | ၂၉၃၀ | ၂၇၂၀ |

ဇာစ်မြစ်။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ

မှတ်ချက်။ ။မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့်အထက်တန်းအဆင့်ကျောင်းများကို ခွင့်ပြု ဖွင့်လှစ်ထားပုံ စာရင်းအရ စာသင်နှစ် မပြီးဆုံးသော်လည်းခန့်မှန်းဖော်ပြထားပါသည်။

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း
## ကျောင်း၊ ကျောင်းဆရာနှင့် ကျောင်းသားဦးရေအခြေအနေရည်မှန်းချက်

(ဦးရေ)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၆ | စက်မှုလက်မှုနှင့်အခြားအသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်း | | |
| ၁ | ကျောင်း | ၆၂ | ၆၉ |
| ၂ | ကျောင်းဆရာ | ၂၃၈၈ | ၁၈၃၇ |
| ၃ | ကျောင်းသား | ၉၉၂၇ | ၉၉၀၃ |
| ၇ | တိုင်းရင်းဆေးသိပ္ပံ | | |
| ၁ | ကျောင်း | ၁ | ၁ |
| ၂ | ကျောင်းဆရာ | ၁၉ | ၁၈ |
| ၈ | အားကစားသိပ္ပံ | | |
| ၁ | ကျောင်း | ၂ | ၂ |
| ၂ | ကျောင်းဆရာ | ၅၀ | ၁၄၅ |
| ၃ | ကျောင်းသား | ၈၀၀ | ၁၁၀၀ |
| ၉ | သူနာပြုအတတ်နှင့်နီးနွယ်ရာဘာသာရပ်များ သင်ကြားသည့်ကျောင်း | | |
| ၁ | ကျောင်း | ၄၆ | ၄၆ |
| ၂ | ကျောင်းဆရာ | ၂၂၇ | ၂၅၇ |
| ၃ | ကျောင်းသား | ၅၂၇၇ | ၄၇၇၀ |
| ၁၀ | တက္ကသိုလ်နှင့်ကောလိပ်များ | | |
| ၁ | ကျောင်း | ၁၅၉ | ၁၆၁ |
| ၂ | ကျောင်းဆရာ | ၂၆၂၄၂ | ၂၆၃၃၂ |
| ၃ | ကျောင်းသား | ၆၆၅၇၇၀ | ၇၃၄၇၂၀ |

ဇာစ်မြစ်။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ

## ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရန်ရည်မှန်းချက်

(ဦးရေ)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | ဆေးရုံ | ၉၉၆ | ၁၀၆၅ |
| ၂ | ဆေးပေးခန်း | ၃၈၆ | ၃၂၃ |
| ၃ | ကျေးလက်ကျန်းမာရေးဌာန | ၁၆၂၄ | ၁၆၉၅ |
| ၄ | မိခင်နှင့်ကလေးကျန်းမာရေးဌာန | ၃၄၈ | ၃၅၂ |
| ၅ | ဒေသန္တရကျန်းမာရေးဌာန | ၈၇ | ၉၂ |
| ၆ | ကျောင်းကျန်းမာရေးအဖွဲ့ | ၈၀ | ၈၄ |
| ၇ | ဆရာဝန် | ၂၉၈၃၂ | ၃၁၈၀၂ |
| | ၁ နိုင်ငံ့ဝန်ထမ်း | ၁၁၉၇၁ | ၁၃၁၂၈ |
| | ၂ သမဝါယမနှင့်ပုဂ္ဂလိက | ၁၇၈၆၁ | ၁၈၆၇၄ |
| ၈ | သွားဘက်ဆိုင်ရာဆရာဝန် | ၃၀၁၁ | ၃၂၃၂ |
| | ၁ နိုင်ငံ့ဝန်ထမ်း | ၈၈၀ | ၈၂၃ |
| | ၂ သမဝါယမနှင့်ပုဂ္ဂလိက | ၂၁၃၁ | ၂၄၀၉ |
| ၉ | ကျန်းမာရေးမှူး | ၁၉၅၂ | ၂၀၇၃ |
| ၁၀ | သွားဘက်ဆိုင်ရာသူနာပြု | ၂၉၇ | ၃၄၇ |
| ၁၁ | ကျန်းမာရေးကြီးကြပ်(၁) | ၅၅၆ | ၅၈၆ |
| ၁၂ | ကျန်းမာရေးဆရာမ | ၃၃၉၇ | ၃၄၂၃ |
| ၁၃ | သူနာပြု | ၂၈၂၅၄ | ၂၉၆၄၀ |
| | ၁ နိုင်ငံ့ဝန်ထမ်း | ၁၈၀၅၀ | ၂၇၅၅၅ |
| | ၂ သမဝါယမနှင့်ပုဂ္ဂလိက | ၁၀၂၀၄ | ၂၀၈၅ |
| ၁၄ | သားဖွားဆရာမ | ၂၀၆၁၇ | ၂၁၁၃၀ |
| ၁၅ | ကျန်းမာရေးကြီးကြပ်(၂) | ၂၅၇၃ | ၉၁၂၁ |

ဖော်ပြ။ ။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်သည့် အခြား
သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ(နယ်စပ်ရေးရာဝန်ကြီးဌာနမပါဝင်ပါ။)

# ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
# အာဟာရဓါတ်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်ရည်မှန်းချက်

(ဦးရေ)

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | မိခင်ကလေးအာဟာရဖွံ့ဖြိုးမှုလုပ်ငန်း | မြို့နယ် | ၃၃၀ | ၃၃၀ |
| ၂ | ဆေးရုံအာဟာရဖြည့်တင်းရေးလုပ်ငန်း အရှိန်မြှင့်ဆောင်ရွက်ခြင်း | ॥ | ၂၄ | ၂၄ |
| ၃ | ဗီတာမင်အေဆေးလုံးပုံမှန် တိုက်ကျွေးခြင်း | ॥ | ၃၃၀ | ၃၃၀ |
| ၄ | လူထုအာဟာရဖြည့်တင်းလုပ်ငန်း အရှိန်ဟုန်မြှင့်ဆောင်ရွက်ခြင်း | ॥ | ၄၀ | ၄၅ |
| ၅ | တစ်နိုင်ငံလုံးအိုင်အိုဒင်းဆား စားသုံးရေးလုပ်ငန်း | မြို့နယ် | ၃၃၀ | ၃၃၀ |

ဇာစ်မြစ်။ ॥ ကျန်းမာရေးဝန်ကြီးဌာန

## ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## တိုင်းရင်းဆေးကုဌာနလုပ်ငန်းများဆောင်ရွက်ရန်ရည်မှန်းချက်

(ဦးရေ)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | တိုင်းရင်းဆေးရုံ | | |
| | ၁ ဆေးရုံ | ၁၅ | ၁၆ |
| | ၂ လူနာခုတင် | ၄၄၂ | ၆၄၄ |
| | ၃ ဆေးဆရာ | ၁၇၉ | ၃၈၁ |
| ၂ | တိုင်းရင်းဆေးကုဌာန | | |
| | ၁ ဆေးကုဌာန | ၂၄၈ | ၂၆၄ |
| | ၂ ဆေးဆရာ | ၇၄၀ | ၇၂၉ |

ဇာစ်မြစ်။ ။ ကျန်းမာရေးဝန်ကြီးဌာန

## ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

## သမဝါယမဆေးပေးခန်းလုပ်ငန်းများဆောင်ရွက်ရန်ရည်မှန်းချက်

(ဦးရေ)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | ဆေးပေးခန်း | ၁၄၈ | ၉၉ |
| ၂ | ဆရာဝန် | ၁၉၃ | ၁၃၅ |
| ၃ | သွားဘက်ဆိုင်ရာဆရာဝန် | ၁၃ | ၁၀ |
| ၄ | သူနာပြု | ၁၄၇ | ၁၆၅ |
| ၅ | ဆေးစပ်သမား | ၈ | ၄၆ |
| ၆ | ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်း | ၁၈ | ၂၉ |
| ၇ | တိုင်းရင်းဆေးဆရာ | ၁၄ | ၉ |
| ၈ | သားဖွားဆရာမ | ၉ | ၉ |

ဇာစ်မြစ်။ ။ သမဝါယမဝန်ကြီးဌာန

## ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

## ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရန်ရည်မှန်းချက်

(ဦးရေ)

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ကျေးလက်ကျန်းမာရေးဌာန၊ပြည်သူလူထု ရေကောင်းရေသန့်သုံးစွဲရေးလုပ်ငန်း | | | |
| ၁ | အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်း | ဦးရေ | ၂၀၉ | ၁၇၁ |
| ၁ | ရေပိုက်ဆက်သွယ်ခြင်းလုပ်ငန်း | ။ | ၁၄၈ | ၁၃၂ |
| ၂ | သန့်ရှင်းရေးလုပ်ငန်း | | | |
| ၁ | ကျေးလက်ကျန်းမာရေးအိမ်သာ | ။ | ၉၉၀ | ၉၆၄ |
| ၂ | မိသားစုသုံးစံပြအိမ်သာ | လုံးရေ (ထောင်ပေါင်း) | ၈၀၈၉ | |

ဓာတ်မြစ်။ ။ ကျန်းမာရေးဝန်ကြီးဌာန

## ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## လူမှုဖူလုံရေးလုပ်ငန်းများဆောင်ရွက်ရန်ရည်မှန်းချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| ၁ | | ထည့်ဝင်ကြေး | ၅၈၀၀.၈၀၀ | ၁၀၈၀၉.၄၄၂ |
| ၁ | | အလုပ်ရှင် | ၃၆၂၃.၇၀၀ | ၆၇၅၄.၆၅၀ |
| ၂ | | အလုပ်သမား | ၂၁၇၄.၃၀၀ | ၄၀၅၂.၇၉၂ |
| ၃ | | နိုင်ငံတော် | | |
| ၄ | | အထွေထွေရငွေ | ၂.၈၀၀ | ၂.၀၀၀ |
| ၂ | | အလုပ်သမားများရရှိသည့်အကျိုးခံစားခွင့် | ၃၉၃၆.၁၀၀ | ၆၉၄၀.၉၈၂ |
| ၁ | | ငွေလက်ငင်းအကျိုးခံစားခွင့် | ၅၁၅.၆၀၀ | ၁၀၄၁.၈၄၀ |
| | ၁ | မမာမကျန်းမှု | ၁၇၇.၀၀၀ | ၃၀၁.၀၀၀ |
| | ၂ | မီးဖွားမှု | ၁၂၁.၉၀၀ | ၂၇၈.၄၅၀ |
| | ၃ | သေဆုံးမှု | ၁၅၇.၀၀၀ | ၁၂၈.၀၀၀ |
| | ၄ | ယာယီမသန်စွမ်းမှု | ၁၄.၈၀၀ | ၂၆.၉၆၀ |
| | ၅ | အမြဲတမ်းမသန်စွမ်းမှု | ၂၈.၅၀၀ | ၁၃၆.၀၈၀ |
| | ၆ | ကျန်ရစ်သူပင်စင် | ၁၆.၄၀၀ | ၁၇၁.၃၅၀ |
| ၂ | | ဆောင်ရွက်မှုများ | ၃၄၂၀.၅၀၀ | ၅၈၉၉.၁၄၂ |
| | ၁ | ဆေးကုသမှု | ၁၉၇၆.၂၀၀ | ၃၄၅၁.၈၀၆ |
| | ၂ | စီမံခန့်ခွဲမှု | ၁၄၄၄.၃၀၀ | ၂၄၄၇.၃၃၆ |
| ၃ | | စုစုပေါင်းထည့်ဝင်ကြေးအပေါ်အလုပ်သမားများ ရရှိသည့် အကျိုးခံစားခွင့်(ရာခိုင်နှုန်း) | ၆၇.၈၀၀ | ၆၄.၂၁၀ |

ရင်းမြစ်။ ။ အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

## ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## လူမှုဝန်ထမ်းလုပ်ငန်းများဆောင်ရွက်ရန်ရည်မှန်းချက်

(ဦးရေ)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | လူငယ်သင်တန်းကျောင်း | ၇ | ၇ |
| ၂ | အမျိုးသမီးကလေးများသင်တန်းကျောင်း | ၃ | ၃ |
| ၃ | အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာန | ၂ | ၂ |
| ၄ | အမျိုးသမီးသက်မွေးအတတ်ပညာသင်တန်းကျောင်း | ၄ | ၄ |
| ၅ | အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန | ၂ | ၂ |
| ၆ | မျက်မမြင်ကျောင်း | ၂ | ၂ |
| ၇ | ကလေးပြုစုရေးဌာန | ၆ | ၇ |
| ၈ | မူလတန်းကြိုကျောင်း | ၇၁ | ၇၂ |
| ၉ | လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း | ၁ | ၁ |
| ၁၀ | မသန်စွမ်းသက်ကြီးသင်တန်းကျောင်း | ၁ | ၁ |
| ၁၁ | မသန်စွမ်းသက်ငယ်သင်တန်းကျောင်း | ၁ | ၂ |
| ၁၂ | နားမကြားသောကလေးများကျောင်း | ၁ | ၁ |
| ၁၃ | မူးယစ်ဆေးဝါးသုံးစွဲသူများပြန်လည်ထူထောင်ရေးစခန်း | ၁၂ | ၁၂ |
| ၁၄ | အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း | ၇ | ၇ |
| ၁၅ | လူမှုရေးစောင့်ရှောက်မှုဌာန | ၁ | ၁ |
| ၁၆ | မရမ်းချောင်ပရဟိတဂေဟာ | ၁ | ၁ |
| ၁၇ | မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာ | ၁ | ၁ |
| ၁၈ | လူကုန်ကူးခံရသူများယာယီစောင့်ရှောက်ရေးဂေဟာ | ၁ | ၁ |

ဇာစ်မြစ်။ လူမှုဝန်ထမ်းဦးစီးဌာန၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

## မီးသတ်လုပ်ငန်းများဆောင်ရွက်ရန်ရည်မှန်းချက်

(ဦးရေ)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | မီးသတ်စခန်း | ၆၂၅ | ၆၃၀ |
| ၂ | မီးသတ်စက်နှင့်ယာဉ်များ | ၂၀၅၉ | ၂၃၃၆ |
| ၃ | မီးသတ်တပ်ဖွဲ့ဝင်စုစုပေါင်း | ၂၆၃၀၉၁ | ၂၆၆၃၀၅ |
| | ၁ သန္နေမီးသတ်တပ်ဖွဲ့ဝင် | ၇၁၆၇ | ၄၈၄၈ |
| | ၂ အရန်တပ်ဖွဲ့ဝင် | ၂၅၅၉၂၄ | ၂၆၁၄၅၇ |
| ၄ | မီးသတ်သင်တန်း | ၂၄၄၆ | ၂၄၉၀ |
| | ကျောင်းဆင်းဦးရေ | | |

ဇာစ်မြစ်။ ။မီးသတ်ဦးစီးဌာန၊ပြည်ထဲရေးဝန်ကြီးဌာန

## ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက်
## တိုးချဲ့ဆောင်ရွက်ရန် ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | <u>နယ်စပ်ဒေသဖွံ့ဖြိုးရေးကဏ္ဍ</u> | | | |
| ၁ | **လမ်း/တံတားလုပ်ငန်း** | | | |
| | ၁ မြေလမ်း | မိုင် | ၅၇၆ | ၉၀၀/၀ |
| | ၂ ကျောက်ခင်းလမ်း | ״ | ၇၈၃ | ၃၀၀/၀ |
| | ၃ ကတ္တရာခင်းလမ်း | ״ | ၉၂ | ၁၅၀/၀ |
| | ၄ ကွန်ကရစ်တံတား | ပေ | ၅၃၀၀ | ၄၄၂၀၀ |
| | ၅ ကွန်ကရစ်ရေပြွန် | ပေ | ၁၃၈၀ | ၄၅၀၀ |
| ၂ | **ပညာရေးလုပ်ငန်း** | | | |
| | ၁ မူလတန်းကျောင်း | ကျောင်း | ၁၃ | ၃၀၀ |
| | ၂ အလယ်တန်းကျောင်း | ״ | ၁ | ၃၀ |
| | ၃ အထက်တန်းကျောင်း | ״ | ၁ | ၁၅ |
| ၃ | **ကျန်းမာရေးလုပ်ငန်း** | | | |
| | ၁ ဆေးရုံ (၁၆ ကုတင်) | ရုံ | | ၁၅ |
| | ၂ ဆေးပေးခန်း | ခု | | ၃၀ |
| | ၃ ကျေးလက်ကျန်းမာရေးဌာန | ခု | ၂ | ၄၅ |
| | ၄ ကျေးလက်ကျန်းမာရေးဌာနခွဲ | ခု | ၅ | ၇၅ |
| ၄ | **စိုက်ပျိုးရေးလုပ်ငန်း** | | | |
| | ၁ စိုက်ပျိုးမြေဖော်ထုတ်ခြင်း | ဧက | | ၃၄၀၀ |
| ၅ | **ရေရရှိရေးလုပ်ငန်း** | | | |
| | ၁ စိုက်ပျိုးရေ ရရှိရေး | ခု | | ၇၅ |
| | ၂ သောက်သုံးရေ ရရှိရေး | ခု | | ၁၅၀ |

## ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက်
## တိုးချဲ့ဆောင်ရွက်ရန် ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | **မွေးမြူရေးလုပ်ငန်း** | | | |
| | ၁ ကုသရေးရုံး | ခု | | ၁၅ |
| | ၂ မွေးမြူရေးခြံ | ခု | | ၇၅ |
| ၇ | **သစ်တောလုပ်ငန်း** | | | |
| | ၁ သစ်တောစိုက်ခင်း | ဧက | | ၈၀၀ |
| ၈ | **လျှပ်စစ်ဓာတ်အားလုပ်ငန်း** | | | |
| | ၁ ရေအားလျှပ်စစ်(ကီလို၀ပ်နာရီသန်းပေါင်း) | | | ၈၀ |
| ၉ | **ပြည်သူ့ဆက်ဆံရေးလုပ်ငန်း** | | | |
| | ၁ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ | ခု | ၂ | ၁၆၀ |
| | ၂ စာကြည့်တိုက် | ခု | | ၃၀ |
| ၁၀ | **ဆက်သွယ်ရေးလုပ်ငန်း** | | | |
| | ၁ တယ်လီဖုန်းအိပ်ချိန်း | ခု | | ၁၅၀ |
| | ၂ စာတိုက် | ခု | | ၇၅ |
| ၁၁ | **သာသနာရေးလုပ်ငန်း** | | | |
| | ၁ ဘုန်းကြီးကျောင်း | ကျောင်း | ၅ | ၄၅ |
| | ၂ သိမ် | ခု | | ၁၅ |
| | ၃ ဓမ္မာရုံ | ရုံ | | ၁၅ |
| ၁၂ | **အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း** | | | |
| | ၁ တန်ဖိုးနည်းအိမ်ရာဆောက်လုပ်ခြင်း | လုံး | | ၁၅၀၀ |
| | ၂ ၀န်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း | လုံး | ၁ | ၁၆၀ |
| ၁၃ | **ငြိမ်းချမ်းရေးအတွက်တည်ဆောက်မှုလုပ်ငန်းများ** | | | |
| | ၁ လမ်း/တံတားလုပ်ငန်း | | | |
| | (က) မြေလမ်း | မိုင် | | ၂၀၀/၀ |
| | (ခ) ကျောက်ခင်းလမ်း | မိုင် | | ၅၀/၀ |

## ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက်
## တိုးချဲ့ဆောင်ရွက်ရန် ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | ၂ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း | | | |
| | (က) အိမ်ရာဆောက်လုပ်ခြင်း (အတွင်း ရေ/မီး အပါအဝင်) | လုံး | | ၄၇၀၀ |
| | (ခ) မီးသွယ်တန်းခြင်း | မိုင် | | ၂၀/၀ |
| | (ဂ) ရေသွယ်တန်းခြင်း | မိုင် | | ၃၀/၀ |
| | ၃ ပညာရေးလုပ်ငန်း | | | |
| | - မူလတန်းကျောင်း | ကျောင်း | | ၉ |
| | ၄ ကျန်းမာရေးလုပ်ငန်း | | | |
| | - ဆေးပေးခန်း | ခု | | ၉ |
| | ၅ စိုက်ပျိုးရေးလုပ်ငန်း | | | |
| | - နှစ်ရှည်ပင်စိုက်ပျိုးခြင်း | ဧက | | ၁၄၅၀၀ |
| | - ရော်ဘာစိုက်ပျိုးခြင်း | ဧက | | ၁၁၀၀ |
| | ၆ အခြားလုပ်ငန်း | | | |
| | (က) ရိက္ခာထောက်ပံ့ခြင်း (ဆန်) | တန် | | ၄၇၀၀ |
| | (ခ) အလုပ်အကိုင်အခွင့်အလမ်း | ဦးရေ | | ၇၅၂၀ |
| ၁၄ | ရုံးချုပ်/ပြည်နယ်/တိုင်းဒေသကြီး ရုံးခွဲများ | | ၂၀ | |
| | **ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ** | | | |
| ၁ | **ကျေးလက်လမ်း/တံတား** | | | |
| | ၁ ကျေးရွာချင်းဆက်လမ်းများ | | | |
| | မြေ | မိုင် | ၉၅၀/၀ | ၉၅၀/၀ |
| | ကျောက် | မိုင် | ၃၈၀/၀ | ၃၈၀/၀ |
| | ကတ္တရာ | မိုင် | ၁၉၀/၀ | ၁၉၀/၀ |
| | သစ်သား | ပေ | ၁၉၀၀၀ | ၁၉၀၀၀ |
| | ရေပြွန် | ပေ | ၁၃၃၀၀ | ၁၃၃၀၀ |
| | ၂ ခရိုင်ချင်းဆက်လမ်းများ | | | |
| | မြေ | မိုင် | ၆၅/၄ | ၆၅/၀ |
| | ကျောက် | မိုင် | ၅၅/၀ | ၆၀/၀ |

## ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက်
## တိုးချဲ့ဆောင်ရွက်ရန် ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | ကတ္တရာ | မိုင် | ၁၄၈/၄ | ၁၃၀/၀ |
| | ကွန်ကရစ်တံတား | ပေ | ၃၇၅၀ | ၃၆၇၅ |
| ၂ | **သန့်ရှင်းသော သောက်သုံးရေ ရရှိရေး** | | | |
| | - တွင်းတိမ် | တွင်း | ၁၅၄ | ၁၅၅ |
| | - တွင်းနက် | တွင်း | ၂၇၀ | ၂၅၉ |
| | - အခြား | တွင်း | ၅၇၆ | ၅၈၆ |
| | - အကျိုးခံစားခွင့်ရှိမည့် ကျေးရွာ | ရွာ | ၁၀၀၀ | ၁၀၀၀ |
| ၃ | **ကျန်းမာသန့်ရှင်းရေး** | | | |
| | ကျေးလက်ယင်လုံအိမ်သာ | လုံး | ၁၄၆၀၀ | ၁၄၆၀၀ |
| ၄ | **ကျေးရွာများတည်ဆောက်ခြင်း** | | | |
| | ကျေးလက်စံပြအဆောက်အဦ | လုံး | ၂၈၂၀ | ၂၈၂၀ |
| ၅ | **အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်း** | | | |
| | အသက်မွေးဝမ်းကြောင်း အထောက်အကူပြုလုပ်ငန်း | | ၁၈၈ | ၁၈၈ |
| ၆ | **ကျေးလက်မီးလင်းရေး** | | | |
| | ရေအားလျှပ်စစ် | ရွာ | ၁၉၄ | ၁၉၁ |
| | နေရောင်ခြည်စွမ်းအင် | ရွာ | ၂၅၃ | ၂၅၆ |
| | ဇီဝဓာတ်ငွေ့ | ရွာ | ၁ | ၁ |
| | အကျိုးခံစားခွင့်ရှိမည့် ကျေးရွာ | ရွာ | ၄၄၈ | ၄၄၈ |
| | **<u>လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ</u>** | **ဦးရေ** | **၁၀၃၁၀** | **၁၁၅၄၀** |
| ၁ | **အဆင့်မြင့်ပညာရပ်များသင်ကြားလေ့ကျင့်ခြင်း** | **ဦးရေ** | **၁၄၅၀** | **၁၅၅၀** |
| | ၁ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် | | | |
| | လေ့ကျင့်သင်ကြားပေးနိုင်မည့်ဦးရေ | ဦးရေ | ၄၀၀ | ၄၅၀ |
| | မူလတန်းဆရာအတတ်သင်(၃)နှစ် | | ၂၃၀ | ၂၅၀ |

## ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက်
## တိုးချဲ့ဆောင်ရွက်ရန် ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | ပညာရေးဘွဲ့ (၅)နှစ် | | ၁၅၀ | ၁၇၀ |
| | မဟာပညာရေးဘွဲ့ | | ၂၀ | ၃၀ |
| | ၂ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် | | | |
| | လေ့ကျင့်သင်ကြားပေးနိုင်မည့်ဦးရေ | ဦးရေ | ၅၀၀ | ၅၀၀ |
| | အင်ဂျင်နီယာဒီပလိုမာ | | ၁၅၀ | ၁၅၀ |
| | သိပ္ပံဘွဲ့ | | ၂၀၀ | ၂၀၀ |
| | ဝိဇ္ဇာဘွဲ့ | | ၈၅ | ၈၅ |
| | မဟာဘွဲ့ | | ၅၀ | ၅၀ |
| | ပါရဂူဘွဲ့ | | ၅ | ၅ |
| | ၃ ဗဟိုလေ့ကျင့်ရေးကျောင်း | | | |
| | လေ့ကျင့်သင်ကြားပေးနိုင်မည့်ဦးရေ | ဦးရေ | ၅၅၀ | ၆၀၀ |
| ၂ | **အခြေခံပညာရပ်များသင်ကြားလေ့ကျင့်ခြင်း** | **ဦးရေ** | **၃၆၀၀** | **၄၃၀၀** |
| | ၁ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း | | | |
| | လေ့ကျင့်သင်ကြားပေးနိုင်မည့်ဦးရေ | ဦးရေ | ၃၆၀၀ | ၄၃၀၀ |
| | တိုးချဲ့ဖွင့်လှစ်မည့် ကျောင်း | ကျောင်း | ၁ | ၄ |
| ၃ | **အသက်မွေးမှုပညာရပ်များသင်ကြား လေ့ကျင့်ခြင်း** | **ဦးရေ** | **၅၂၆၀** | **၅၆၉၀** |
| | ၁ အမျိုးသမီးအိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်တန်းကျောင်း | | | |
| | လေ့ကျင့်သင်ကြားပေးနိုင်မည့်ဦးရေ | ဦးရေ | ၅၁၀၀ | ၅၃၀၀ |
| | တိုးချဲ့ဖွင့်လှစ်မည့် ကျောင်း | ကျောင်း | | ၁ |
| | ၂ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း | | | |
| | လေ့ကျင့်သင်ကြားပေးနိုင်မည့်ဦးရေ | ဦးရေ | ၁၆၀ | ၃၉၀ |
| | တိုးချဲ့ဖွင့်လှစ်မည့် ကျောင်း | ကျောင်း | | ၁ |

**ဇစ်မြစ်။ ။နယ်စပ်ရေးရာဝန်ကြီးဌာန**

## ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ

### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်များ

၁၃၃။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်တွင် ငှားရမ်းခနှင့် အခြားဝန် ဆောင်မှု ကဏ္ဍအနေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ် ၁၁၁၉၆၇၃.၆ သန်း ရရှိရန်နှင့် ၁၅.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။ နိုင်ငံပိုင်အခန်းသည် ၃.၀ ရာခိုင် နှုန်း၊ သမဝါယမ ပိုင်အခန်းသည် ၀.၃ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းသည် ၉၆.၇ ရာခိုင်နှုန်းခန့် ပါဝင် ကြောင်း တွေ့ရှိရပါသည်။

၁၃၄။ နိုင်ငံပိုင်အခန်းတွင်ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အဖွဲ့တို့၏ ဝင်ငွေများ၊ သမဝါယမပိုင်အခန်းတွင် သမဝါယမဦးစီးဌာနအောက်ရှိ ဝန်ဆောင်မှုလုပ်ငန်းများမှ ရရှိသော ဝင်ငွေများ၊ ပုဂ္ဂလိကပိုင် အခန်းတွင် ဆေးရုံ၊ ဆေးခန်း စသည့် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ၊ ပညာရေးဝန်ဆောင်မှု လုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ အိမ်အဆောက်အဦ ငှားရမ်းခများ၊ ပုဂ္ဂလိကပိုင်ဟိုတယ်၊ တည်းခိုခန်းများ၏ ဝင်ငွေများ၊ အင်တာနက်ကဖေး၊ ကွန်ပျူတာစာစီ စာရိုက်လုပ်ငန်းများ၊ မိတ္တူကူးသည့် လုပ်ငန်းများ၊ ဆံပင်ညှပ်ဆိုင်၊ အလှပြုပြင်ဆိုင်၊ ကိုယ်ကာယအလှ လေ့ကျင့်မှုဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ အစရှိသည့် စားဝတ်နေရေး၊ လူမှုရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ၏ ဝင်ငွေများ ပါဝင်ပါသည်။

၁၃၅။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ် အလိုက် နိုင်ငံပိုင် ဟိုတယ်၊ မိုတယ်၊ လိုင်စင်ရ ပုဂ္ဂလိကပိုင်ဟိုတယ်နှင့် တည်းခိုရိပ်သာများ အခြေအနေကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

## တိုင်းဒေသကြီး/ပြည်နယ်အလိုက်နိုင်ငံပိုင်ဟိုတယ်၊ မိုတယ်၊ လိုင်စင်ရ ပုဂ္ဂလိကပိုင် ဟိုတယ်နှင့် တည်းခိုရိပ်သာများ အခြေအနေ

## (၂၈-၂-၂၀၁၃ ရက်နေ့အထိ)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဦးရေ |
|---|---|---|
| | **နိုင်ငံပိုင် ဟိုတယ်၊ မိုတယ်** | ၂၅ |
| ၁ | တနင်္သာရီ တိုင်းဒေသကြီး | ၁ |
| ၂ | ပဲခူးတိုင်းဒေသကြီး | ၁ |
| ၃ | မန္တလေးတိုင်းဒေသကြီး | ၉ |
| ၄ | မွန်ပြည်နယ် | ၂ |
| ၅ | ရခိုင်ပြည်နယ် | ၁ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး | ၅ |
| ၇ | ရှမ်းပြည်နယ် | ၄ |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | ၂ |
| | **ပုဂ္ဂလိကပိုင် ဟိုတယ်နှင့် တည်းခိုရိပ်သာများ** | ၇၆၉ |
| ၁ | ကချင် ပြည်နယ် | ၁၈ |
| ၂ | ကယား ပြည်နယ် | ၆ |
| ၃ | ကရင် ပြည်နယ် | ၇ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၄ |
| ၅ | တနင်္သာရီ တိုင်းဒေသကြီး | ၁၀ |
| ၆ | ပဲခူးတိုင်းဒေသကြီး | ၃၅ |
| ၇ | မကွေးတိုင်းဒေသကြီး | ၁၄ |
| ၈ | မန္တလေးတိုင်းဒေသကြီး | ၂၀၂ |
| ၉ | မွန်ပြည်နယ် | ၁၉ |
| ၁၀ | ရခိုင်ပြည်နယ် | ၃၀ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး | ၂၀၁ |
| ၁၂ | ရှမ်းပြည်နယ် | ၁၄၇ |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | ၄၄ |
| ၁၄ | နေပြည်တော်ကောင်စီနယ်မြေ | ၃၁ |

## ကုန်သွယ်ရေးကဏ္ဍ

## ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်များ

၁၃၆။ နိုင်ငံအတွင်း ကုန်ပစ္စည်းများ တိုးတက် ထုတ်လုပ်နိုင်သည်နှင့်အမျှ ပြည်တွင်းဈေးကွက် တည်ငြိမ်စေရန်အတွက် အဆင်ပြေချောမွေ့စွာ ကူးသန်းရောင်းဝယ်ရန် ဖြေလျော့မှုများ ဆောင်ရွက်ပေးခြင်း၊ ပြည်တွင်းစားသုံးမှုမှ ပိုလျှံသည်များကို နိုင်ငံခြားငွေတိုးတက်ရရှိစေရန် ပြည်ပသို့ တင်ပို့ရောင်းချခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုတိုက်ရိုက် အထောက်ကူပြုစေနိုင်မည့် ပစ္စည်းများကို ပြည်ပမှ တင်သွင်းခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၁၃၇။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုလုပ်ငန်းတွင် နိုင်ငံပိုင်အဖွဲ့အစည်းများ သာမက သမဝါယမနှင့် ပုဂ္ဂလိကအခန်းကဏ္ဍများမှ ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ ဥပဒေအချို့ကို ပယ်ဖျက်ခြင်း၊ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့အပြင် ပြည်တွင်း ပြည်ပကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှုအတွက်နိုင်ငံတကာ ကုန်စည်ပြပွဲများ၊ ကွန်ဗင်းရှင်းစင်တာ နှင့် ပြည်ပကုန်စည်ပြပွဲများပါဝင် ပြသခြင်း၊ နိုင်ငံတကာ ကုန်သွယ်မှုနည်းပညာဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ၊ သင်တန်းများ၊ စီးပွားရေး ပညာပေးဟောပြောပွဲများကျင်းပခြင်း စသည့် လုပ်ငန်းများပြုလုပ်ပြီး တိုးတက်မှု အခြေခံကောင်းများ ရရှိရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၃၈။ ကုန်သွယ်မှုလုပ်ငန်းများတွင် ပြည်တွင်းကုန်သွယ်မှုလုပ်ငန်းများ သာမက ပြည်ပကုန်သွယ်မှုလုပ်ငန်းများပါ ဆောင်ရွက်လျက်ရှိရာ ပင်လယ်ရေကြောင်း ကုန်သွယ်ရေး (Oversea Trade) ကို ကျယ်ပြန့်စွာ ဆောင်ရွက်လျက် ရှိသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှု ပြုလုပ်ရာတွင် အရေးပါသော နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းလည်း ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ နယ်စပ်ကုန်သွယ်ရေးစခန်း ( ၁၃ ) ခုအထိ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ စားသုံးသူ အကာအကွယ် ပေးရေး(Consumer protection) အဖွဲ့အစည်းများ ဖွဲ့စည်းရေး၊ စားသုံးသူပညာပေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ကုန်သွယ်မှု ကိန်းဂဏန်းများ တိကျမှန်ကန်စွာ ရရှိရေးအတွက် သတင်းကွန်ယက်စနစ် ဖော်ဆောင်ရေးအတွက် လုပ်ငန်းအဖွဲ့တစ်ရပ် ဖွဲ့စည်းရေး၊ ပို့ကုန်သွင်းကုန်ဘဏ် ဖွင့်လှစ်ထူထောင်နိုင်ရေး၊ မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ ကုန်သွယ်ရေး ပူးတွဲကော်မတီများ တိုးချဲ့ဆောင်ရွက်ရေး၊

ကုန်သွယ်ရေး သင်တန်းကျောင်း ဖွင့်လှစ်ရေး၊ ခေတ်မီဖွံ့ဖြိုး တိုးတက်သော ကုန်စည်ဒိုင်များ ဖွဲ့စည်းရေး၊ ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ရေး၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိက အသင်းအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများကို တရားဝင်ကုန်သွယ်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိရေး၊ ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေ ရရှိမှုအပြင် ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေ ရရှိရေးစသည့် လုပ်ငန်း များ ဆောင်ရွက်မည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ဆန်စပါး ဈေးနှုန်းတည်ငြိမ်မှု ရှိစေရန် နှင့် တောင်သူများ စိုက်ပျိုးထုတ်လုပ်မှုအပေါ် သင့်တင့်သော အကျိုးအမြတ် ရရှိစေရန် အတွက် နိုင်ငံတော် အရန်ဆန် ဝယ်ယူရေးအဖွဲ့မှ ဝယ်ယူ ဆောင်ရွက်လျက်ရှိပါသည်။

၁၃၉။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ကုန်သွယ်ရေးကဏ္ဍ၏ အဓိကရည်မှန်းချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

- ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ အသားတင်ကုန်သွယ်မှုတန်ဖိုးကို ကျပ် ၉၅၄၄၃၂၂.၅ သန်း ရရှိရန်နှင့် ၆.၆ ရာခိုင်နှုန်း တိုးတက်ရန်၊
- ပြည်တွင်းကုန်သွယ်မှုပမာဏကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၉၂၁၇၂၄၆ဝ သန်း ရည်မှန်းပြီး နိုင်ငံပိုင်အခန်းမှ ကျပ် ၉၀၈၂၅၃၈ သန်း၊ သမဝါယမပိုင်အခန်းမှ ကျပ် ၆၂၀၁၁၃ သန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ ကျပ် ၈၂၄၆၉၈၁၀ သန်း အသီးသီး ကုန်သွယ်ရန်၊
- ပြည်ပပို့ကုန်ကို ကျပ် ၁၁၂၇၃၅၇၄ သန်း တင်ပို့ရန် ရည်မှန်းပြီး နိုင်ငံပိုင်အခန်းမှ ကျပ် ၄၈၁၉၅၂၀ သန်း၊အချိုးစားအားဖြင့် ၄၂.၇ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ ကျပ် ၂၁၉၂၅ သန်း၊ အချိုးအစားအားဖြင့် ၀.၂ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ ကျပ် ၆၄၃၂၁၂၉ သန်း၊ အချိုးအစားအားဖြင့် ၅၇.၁ ရာခိုင်နှုန်း အသီးသီးတင်ပို့ရန်၊
- ပြည်ပသွင်းကုန်ကို ကျပ် ၁၁၇၃၀၂၄၀ သန်း တင်သွင်းရန်ရည်မှန်းပြီး စားသုံးကုန် ပစ္စည်း ကျပ် ၁၉၉၄၁၃၀ သန်း၊ လုပ်ငန်းတွင်းသုံးကုန်ကြမ်းနှင့် အရန်ပစ္စည်း ကျပ် ၄၄၅၇၄၃၀ သန်း နှင့် ရင်းနှီးကုန်ပစ္စည်း ကျပ် ၅၂၇၈၆၈၀ သန်း အသီးသီး တင်သွင်းရန်၊
- သမဝါယမအသင်း စုစုပေါင်း ၁၉၀၃၈ သင်း မှ လုပ်ငန်းဆောင်တာ ရင်းနှီးငွေ ကျပ် ၂၄၈၈၃၆ သန်း၊ လုပ်ငန်းတန်ဖိုး ကျပ် ၁၂၄၇၅၉ သန်း လုပ်ကိုင်ဆောင်ရွက်ရန်၊

- သမဝါယမအသင်းများမှ အဓိကသီးနှံများဖြစ်သော စပါး ၄၇၃၃၇၈ တင်း၊ ပဲမျိုးစုံ ၃၉၅၆၄ မစ်ထရစ်တန် ၊ နေကြာ ၅၁၅၈၂ တင်း၊ မြေပဲဆန် ၁၇၉၇၆၅၄ ပိဿာ၊ အာလူး ၁၃၀၇၉၃၄ ပိဿာ၊ ကြက်သွန်နီ ၃၈၄၃၀၅၈ ပိဿာ၊ ကြက်သွန်ဖြူ ၂၁၂၉၃၃၉ ပိဿာဝယ်ယူရန်၊

၁၄၀။ ကုန်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ ရည်မှန်းချက်များကို တစ်ဖက်ပါ ဇယားများဖြင့် ဖော်ပြအပ်ပါသည်-

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း

## ပြည်ပပို့ကုန်ရည်မှန်းချက်

## (သဘော်ပေါ်ရောက်နှစ်အလိုက်ဈေးနှုန်းများအရဖြစ်ပါသည်)

(တန်ဖိုး-ကျပ်ဘီလီယံ)

(အရေအတွက်-ထောင်ပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄** (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | လယ်ယာထွက်ပစ္စည်းများ | ကျပ် | ၁၃၆၉.၄ | ၂၅၉၃.၁ |
| ၁ | ဆန်နှင့်ဆန်ကွဲ | ကျပ် | ၂၁၆.၈ | ၅၇၆.၇ |
| | | မ/တန် | ၆၄၉.၈ | ၁၃၉၁.၅ |
| ၂ | ပြောင်းဖူးစေ့ | ကျပ် | ၁၂.၂ | ၁၃၄.၈ |
| | | မ/တန် | ၅၄.၃ | ၅၁၃.၃ |
| ၃ | ပဲအမျိုးမျိုး | ကျပ် | ၉၀၂.၅ | ၁၂၆၈.၂ |
| | | မ/တန် | ၉၉၂.၀ | ၁၂၂၅.၀ |
| ၄ | တိရစ္ဆာန်အစားအစာ | ကျပ် | * | - |
| ၅ | ရော်ဘာနှင့်အခြားလယ်ယာကိုင်းကျွန်းထွက်ပစ္စည်းများ | ကျပ် | ၂၃၇.၉ | ၆၁၃.၄ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ကျပ် | ၁၅.၁ | ၈၉.၃ |
| ၃ | ရေထွက်ပစ္စည်းများ | ကျပ် | ၃၀၉.၁ | ၅၃၂.၂ |
| ၄ | သစ်တောထွက်ပစ္စည်းများ | ကျပ် | ၆၅၈.၄ | ၃၇၃.၄ |
| ၁ | ကျွန်းသစ်လုံး/ခွဲသား | ကျပ် | ၃၂၄.၇ | ၁၆၁.၁ |
| | | ကုဗတန် | ၂၈၃.၆ | ၁၉၀.၇ |
| ၂ | သစ်မာလုံး/ခွဲသား | ကျပ် | ၃၀၃.၆ | ၁၂၆.၅ |
| | | ကုဗတန် | ၈၃၉.၈ | ၇၀၈.၆ |
| ၃ | အခြားသစ်တောထွက်ပစ္စည်းများ | ကျပ် | ၃၀.၁ | ၈၅.၈ |

ဓာတ်မြစ်။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ

* ကျပ် ၅၀ သန်းအောက်ဖြစ်ပါသည်။

** စုစုပေါင်းတင်ပို့မှုဖြစ်ပါသည်။

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမြိုးသားစီမံကိန်း

## ပြည်ပပို့ကုန်ရည်မှန်းချက်

## (သဘောၤပေါ်ရောက်နှစ်အလိုက်ဈေးနှုန်းများအရဖြစ်ပါသည်။)

(တန်ဖိုး-ကျပ်ဘီလီယံ)

(အရေအတွက်-ထောင်ပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄** (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၅ | တွင်းထွက်ပစ္စည်းများနှင့် ကျောက်မျက်ရတနာများ | ကျပ် | ၂၄၂၇.၆ | ၂၅၁၅.၁ |
| | ၁ ကြေးနီသတ္တုသန့်စင် | ကျပ် | ၄၃.၄ | ၇၀.၂ |
| | | မ/တန် | ၆.၂ | ၈.၄ |
| | ၂ ခဲမဖြူသတ္တုစင် | ကျပ် | ၂.၇ | ၂.၇ |
| | | မ/တန် | ၀.၂ | ၀.၂ |
| | ၃ ခဲမဖြူသတ္တုသန့်စင် | ကျပ် | ၃.၄ | ၁၆.၅ |
| | | မ/တန် | ၀.၇ | ၂.၃ |
| | ၄ ကျောက်မျက်ရတနာများ | ကျပ် | ၂၃၇၀.၉ | ၂၃၉၇.၄ |
| | ၅ အခြားသတ္တုပစ္စည်းများ | ကျပ် | ၇.၂ | ၂၈.၃ |
| ၆ | ရေနံထွက်ပစ္စည်းများ | ကျပ် | ၂၁၁၁.၁ | ၄၂၅၄.၃ |
| | ၁ သဘာဝဓာတ်ငွေ့ | ကျပ် | ၂၁၁၁.၁ | ၄၂၅၄.၃ |
| | | ကုဗပေ သန်းပေါင်း | ၃၅၂၂၅ | ၄၃၇၂၉၉ |
| ၇ | အခြားပစ္စည်းများ | ကျပ် | ၂၃၂၀.၄ * | ၉၁၆.၂ |
| | စုစုပေါင်း | ကျပ် | ၉၂၁၁.၁ | ၁၁၂၇၃.၆ |

ဓာတ်မြစ်။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ

* နယ်စပ်ကုန်သွယ်ရေးမှတင်ပို့မှုများပါဝင်ပါသည်။

** စုစုပေါင်းတင်ပို့မှုဖြစ်ပါသည်။

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း

## ပြည်ပသွင်းကုန်ရည်မှန်းချက်

(ဆိပ်ကမ်းရောက်နှစ်အလိုက်ဈေးနှုန်းများအရဖြစ်ပါသည်)

(ကျပ်ဘီလီယံ)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | စားသုံးကုန်ပစ္စည်း | ၂၀၇၃.၆ | ၁၉၉၄.၁ |
| ၂ | လုပ်ငန်းတွင်းသုံးကုန်ကြမ်းနှင့်အရန်ပစ္စည်း | ၂၁၉၈.၆ | ၄၄၅၇.၄ |
| ၃ | ရင်းနှီးကုန်ပစ္စည်း | ၂၃၀၀.၆ | ၅၂၇၈.၇ |
| | စုစုပေါင်း | ၆၅၈၂.၈ | ၁၁၇၃၀.၂ |

မှတ်ချက်။ ။ နယ်စပ်ကုန်သွယ်ရေးမှတင်သွင်းမှုများပါဝင်ပါသည်။

ဇာစ်မြစ် ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

## သမဝါယမအသင်းများ၏ ကုန်ပစ္စည်းထုတ်လုပ်မှု၊ဝယ်ယူမှုနှင့်ဖြန့်ဖြူးရောင်းချရန်ရည်မှန်းချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| **၁** | **ထုတ်လုပ်မှု** | **၄၀၁၆၀၅.၃** | **၅၇၈၁၄၆.၁** |
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၈၀၈၅၃.၇ | ၄၅၈၉၄၀.၆ |
| ၂ | မွေးမြူရေး | ၁၂၅၆၆.၀ | ၅၃၉.၅ |
| ၃ | အသားနှင့်တိရစ္ဆာန်ထွက်ပစ္စည်း | ၂၇၉၄.၆ | ၁၂၁၄၃.၀ |
| ၄ | ငါးနှင့်ရေထွက်ပစ္စည်း | ၁၉၃၂၈.၉ | ၁၈၆၄၀.၅ |
| ၅ | သစ်တော | ၂၃၄၆.၉ | ၂၄၅၉.၁ |
| ၆ | စွမ်းအင် | ၄၆၂.၇ | ၉၁၈.၃ |
| ၇ | သတ္တုထွက်ပစ္စည်း | ၆၈၆.၂ | ၆၈၂.၄ |
| ၈ | စက်မှုလက်မှုထွက်ပစ္စည်း | ၈၂၅၆၆.၃ | ၈၃၈၂၀.၇ |
| **၂** | **စုစုပေါင်းဝယ်ယူမှု** | **၄၆၈၆၅၇.၂** | **၄၈၉၀၃၀.၂** |
| **၁** | **ပြည်တွင်းဝယ်ယူမှု** | **၄၆၀၄၂၅.၂** | **၄၈၀၉၁၀.၂** |
| ၁ | နိုင်ငံပိုင်အခန်းမှဝယ်ယူခြင်း | ၅၈.၃ | ၆၃.၉ |
| ၁ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိအဖွဲ့အစည်းများ | ၁၀.၂ | ၁၁.၀ |
| ၂ | စက်မှုဝန်ကြီးဌာနလက်အောက်ရှိအဖွဲ့အစည်းများ | ၄၂.၆ | ၄၆.၈ |
| ၃ | သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ရှိအဖွဲ့အစည်းများ | ၅.၅ | ၆.၁ |

ဇာစ်မြစ်။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

## သမဝါယမအသင်းများ၏ ကုန်ပစ္စည်းထုတ်လုပ်မှု၊ဝယ်ယူမှုနှင့်ဖြန့်ဖြူးရောင်းချရန်ရည်မှန်းချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၂ | သမဝါယမပိုင်အခန်းမှထုတ်လုပ်သည့် ကုန်ပစ္စည်းများဝယ်ယူခြင်း | ၃၀၂၆၄၀.၄ | ၃၃၃၄၁၂.၆ |
| | ၁ လယ်ယာထွက်ပစ္စည်း | ၁၈၃၇၂၃.၄ | ၂၀၉၁၂၀.၀ |
| | ၂ အသားနှင့်တိရစ္ဆာန်ထွက်ပစ္စည်း | ၁၅၃၆၀.၆ | ၁၆၆၀၀.၀ |
| | ၃ ငါးနှင့်ရေထွက်ပစ္စည်း | ၁၇၅၇၈.၆ | ၁၉၉၃၄.၆ |
| | ၄ သစ်တောထွက်ပစ္စည်း | ၂၃၄၆.၉ | ၂၄၅၉.၁ |
| | ၅ စွမ်းအင် | ၃၇၈.၄ | ၇၉၃.၈ |
| | ၆ သတ္တုထွက်ပစ္စည်း | ၆၈၆.၂ | ၆၈၂.၄ |
| | ၇ စက်မှုလက်မှုထွက်ပစ္စည်း | ၈၂၅၆၆.၃ | ၈၃၈၂၁.၇ |
| ၃ | ပုဂ္ဂလိကပိုင်အခန်းမှဝယ်ယူခြင်း | ၁၅၇၇၂၆.၅ | ၁၄၇၄၃၃.၇ |
| | ၁ လယ်ယာထွက်သီးနှံ | ၂၃၀၉၂.၅ | ၂၃၈၇၅.၀ |
| | ၂ ရေထွက်ပစ္စည်း | ၁၆၅.၆ | ၁၈၁.၁ |
| | ၃ သစ်တောထွက်ပစ္စည်း | ၂၈၅.၈ | ၁၃၈.၁ |
| | ၄ အခြား | ၁၀၉၈၅.၇ | ၁၅၂၄၀.၈ |
| | ၅ ပုဂ္ဂလိကထုတ်လုပ်သည့် စက်မှုလက်မှုထွက်ပစ္စည်း | ၁၂၃၁၉၆.၉ | ၁၀၇၉၉၈.၇ |
| ၂ | **ပြည်ပမှတင်သွင်းမှု*** | **၈၂၃၂.၀** | **၈၁၂၀.၀** |
| ၃ | **စုစုပေါင်းရောင်းချမှု** | **၅၇၅၈၂၂.၁** | **၅၉၆၂၉၉.၄** |
| ၁ | ပြည်တွင်းရောင်းချမှု | ၄၉၅၁၅၁.၇ | ၅၇၄၃၇၄.၁ |
| ၂ | ပြည်ပတင်ပို့မှု* | ၈၀၆၇၀.၄ | ၂၁၉၂၅.၃ |

*သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းမှတင်သွင်းမှု/တင်ပို့မှုများပါဝင်ပါသည်။

ဇာစ်မြစ်။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း

## သမဝါယမအသင်းများ၏ အရေးကြီးသောလယ်ယာထွက်သီးနှံဝယ်ယူရန်ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | စပါး | တင်း | ၄၅၈၂၅၅ | ၄၇၃၃၇၈ |
| ၂ | ဂျုံ | မ/တန် | ၁၃၃၉ | ၁၂၇၀ |
| ၃ | အစေ့ထုတ်ပြောင်း | ॥ | ၁၂၂၀၅ | ၈၇၁၁ |
| ၄ | နှံစားပြောင်း | ॥ | ၆၂၈၈ | ၇၁၀၆ |
| **၅** | **ပဲမျိုးစုံ** | ॥ | **၃၉၃၉၅** | **၃၉၅၆၄** |
| ၁ | မတ်ပဲ | ॥ | ၁၃၉၀၉ | ၁၃၁၆၁ |
| ၂ | ပဲတီစိမ်း | ॥ | ၄၂၀၇ | ၄၅၃၃ |
| ၃ | ပဲပုတ် | ॥ | ၅၈၈ | ၆၀၈ |
| ၄ | ကုလားပဲ | ॥ | ၄၄၈၉ | ၄၈၁၃ |
| ၅ | ပဲစဉ်းငုံ | ॥ | ၁၂၉၃၀ | ၁၃၇၄၅ |
| ၆ | စားတော်ပဲ | ॥ | ၉၀ | ၅၉ |
| ၇ | ပဲကြီး | ॥ | ၁၃၀ | ၁၃၉ |
| ၈ | ထောပတ်ပဲ | ॥ | ၂၀၉ | ၂၀၅ |
| ၉ | ပဲယင်း | ॥ | ၅၈ | ၆၂ |
| ၁၀ | ပဲလွန်း | ॥ | ၁၀၆၇ | ၇၉၆ |
| ၁၁ | စွန်တာနီ/ပြာ | ॥ | ၂၈၇ | ၃၂၀ |
| ၁၂ | ပဲရာဇာ | ॥ | ၈ | ၆ |
| ၁၃ | အခြားပဲများ (မြေထောက်ပဲ+ပုဂံပဲ) | ॥ | ၁၄၂၃ | ၁၁၁၇ |

ဇာစ်မြစ်။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း

## သမဝါယမအသင်းများ၏ အရေးကြီးသောလယ်ယာထွက်သီးနှံဝယ်ယူရန်ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | မြေပဲ | မ/တန် | ၆၆၄၀ | ၆၅၇၀ |
| ၇ | နှမ်း | ။ | ၉၄၀၃ | ၁၀၀၇၅ |
| ၈ | နေကြာ | တင်း | ၆၉၂၇၂ | ၅၁၅၈၂ |
| ၉ | ပန်းနှမ်း | ။ | ၃၁၇၂၀ | ၂၇၂၇၁ |
| ၁၀ | မုန်ညင်းစေ့ | ။ | ၂၅၄၈ | ၂၅၀၀ |
| ၁၁ | မြေပဲဆန် | ပိဿာ | ၁၇၂၀၂၂၅ | ၁၇၉၇၆၅၄ |
| ၁၂ | ဝါစေ့ | ။ | ၄၅၇၂၀ | ၄၈၀၀၇ |
| ၁၃ | မလှိုင် ၅/၆ ဝါ | ။ | ၉၇၆၀၀ | ၁၁၀၂၈၈ |
| ၁၄ | ကြံ | တန် | ၂၆၂၃၀ | ၂၆၆၆၂ |
| ၁၅ | အာလူး | ပိဿာ | ၁၄၆၁၂၂၄ | ၁၃၀၇၉၃၄ |
| ၁၆ | ကြက်သွန်နီ | ။ | ၃၄၅၈၁၂၀ | ၃၈၄၃၀၅၈ |
| ၁၇ | ကြက်သွန်ဖြူ | ။ | ၁၇၉၀၃၁၂ | ၂၁၂၉၃၃၉ |
| ၁၈ | ငရုတ်ခြောက် | ။ | ၄၀၆၆၀၀ | ၃၉၄၉၂၉ |
| ၁၉ | ငရုတ်စို | ။ | | ၇၅၂၃ |
| ၂၀ | ကော်ဖီစေ့ | ။ | ၄၅၅၆ | ၅၀၆၃ |
| ၂၁ | ချင်း | ။ | ၇၂၄၇၀၀ | ၇၄၉၆၂၀ |
| ၂၂ | လက်ဖက် | ။ | | ၃၀၆၀ |

ဇာစ်မြစ်။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန